# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့် ၊ တနင်္လာနေ့ ၊ (26-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "သဘင့်မာန်ဟုန်ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ"ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊

စာမျက်နှာ ၁၆ ကော်လံ ၁


**ရတနာပုံ ယနေ့ဖတ်စရာ**

**ကောင်းမှုစုံမြတ်နိုးပျော်မွေ့ သီတင်းကျွတ်လပြည့်**

ဆောင်းပါး

စာမျက်နှာ - ၁၀

**ဝါပင်အကြွင်းအကျန်များကို စနစ်တကျစီမံခန့်ခွဲခြင်း**

ဆောင်းပါး

စာမျက်နှာ - ၂၆

**၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၆


## ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှုပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် အနော်ရထာမင်းကြီးလက်ထက်မှစ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှုပြိုင်ကွင်း ဗဟိုမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က

စာမျက်နှာ ၂၁ ကော်လံ ၁



## အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတိမှတ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် တောင်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည်

စာမျက်နှာ ၂၁ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

မြန်မာဆယ့်နှစ်လရာသီပွဲတော်များတွင် သီတင်းကျွတ်လ သီတင်းကျွတ်ပွဲတော်သည် သတ္တမမြောက်လဖြစ်သည်။ ဤအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးအားနည်းသောလဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ဖြစ်သကဲ့သို့ ရဟန်းသံဃာတော်များအနေဖြင့်လည်း ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ကျောင်းတွင် သီတင်းသုံးနေထိုင်ကြရာမှ ကျွတ်လွတ်သော ကာလလည်းဖြစ်ပေသည်။

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။ သီတင်းကျွတ်လပြည့်တွင် တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ ပြန်လည်ကြွမြန်းလာတော်မူသည့် မြတ်စွာဘုရားရှင်ကို သင်္ကာသနဂိုရ်ပြည်မှ မင်းနှင့်တကွ ပြည်သူအပေါင်းတို့က ဆီမီးများထွန်းညှိပူဇော်ကြသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအမှူးပြု၍ လောကဓာတ်တစ်သောင်းမှ စုဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ဟောကြားပြီးနောက် ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းထားသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ဖြင့် လူ့ပြည်သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာ အပေါင်းတို့ ခြံရံလျက်ဆင်းသက်တော်မူသည်။

စောင်းတန်းသုံးသွယ်တို့ဖြင့် လူ့ပြည်သို့ဆင်းသက်တော်မူလာသော မြတ်စွာဘုရားရှင်ကို မင်းနှင့်တကွ ပြည်သူအပေါင်းတို့က ဆီမီးများထွန်းကာကြိုဆိုကြသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ မြတ်စွာဘုရားရှင်ဆင်းသက်လာသည်ကို ရည်မှန်းပြီး ဘုရားရှင်ကိုပူဇော်သောအားဖြင့် ဆီမီးထွန်း၍ ပူဇော်ကြသည်။ ထိုအစဉ်အလာကို ရှေးဘိုးဘေးဘီဘင်များလက်ထက်ကပင် ထိန်းသိမ်းကာ ယနေ့ထိ နှစ်စဉ်နှစ်တိုင်း မီးထွန်းပွဲတော်များ ကျင်းပပူဇော်ခဲ့ကြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ ထိုနေ့တွင် ဆရာတော်၊ သံဃာတော်များက အဘိဓမ္မာတရားတော်များကို ဟောကြားတော်မူကြသည်။

သီတင်းကျွတ်လတွင် ရှေးအခါက ဆီမီးတိုင်များနှင့် ထွန်းညှိပူဇော်ရာမှ မျက်မှောက်ကာလတွင် ရောင်စုံအလှမီးများဖြင့် ထွန်းညှိပူဇော်လာကြသည်ကို တွေ့ရပေသည်။ သီတင်းကျွတ်လတွင် သီတင်းကျွတ်မီးထွန်းပွဲတော်များ၊ ပွဲလမ်းသဘင်များ ဆင်နွှဲကြရာ မိသားစုများ၊ လူငယ်လူရွယ်များအနေဖြင့် ပွဲဈေးတန်းများတွင် ပျော်ရွှင်စွာလည်ပတ်ကြသည်။ ဘုရား၊ ကျောင်း၊ နေအိမ်နှင့်လမ်းတို့တွင် ဆီမီးများ၊ ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့က မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးများထွန်းညှိပူဇော်ကြသကဲ့သို့ လူငယ်မောင်မယ်အပေါင်းတို့ကလည်း မိဘ၊ ဆရာနှင့် သီလ၊ သမာဓိပညာမြင့်မားသူများ၊ အသက်အရွယ်ကြီးသူများကို ဂါရဝပြုကန်တော့ကြသည်။ သို့ဖြစ်ရာ သီတင်းကျွတ်လတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိဘ၊ ဆရာတို့ကို မင်္ဂလာတရားတော်နှင့်အညီ ကန်တော့ကြခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အဘိဓမ္မာတရားတော်များနာကြားခြင်းတို့ဖြင့် သီတင်းကျွတ်ပွဲတော်ကာလကို ဖြတ်သန်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၅၈၁၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲယဉ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၅၈၁၁ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲယဉ်း ၅၈၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီကသာခရိုင်မှာ ပဲယဉ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲယဉ်းအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ပဲယဉ်းစိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲယဉ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲယဉ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲယဉ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဝလုံးကဏန်းပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဝလုံးကဏန်း ပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဝလုံးကဏန်း ပိသာချိန် ၃၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဝလုံးကဏန်း ပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ဒေသကနေတင်ပို့တဲ့ ရေထွက်ကုန်တွေအတွက် အဓိကဈေးကွက် တစ်ခုပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဝလုံးကဏန်း ပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဝလုံးကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ဝလုံးကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ဝလုံးကဏန်းတွေကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသတွေကိုလဲ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ တင်ပို့ရောင်းချသည့် ဝလုံကဏန်း တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဝလုံးကဏန်းများ တင်ပို့အားကောင်းနေသည့်အတွက် ဝလုံးကဏန်းမွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ကိုးသန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၃၃ ဒသမ ၂၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူရှစ်ဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ဝဲကြီးဆင်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဝဲကြီးဆင်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝဲကြီးဆင်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် ၆၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၆ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ B.E.C ဆရာတော် ဘဒ္ဒန္တဇောတိကက မွေးနေ့အထိမ်းအမှတ်အဖြစ် မယ်တော်ကြီး ဒေါ်အေးကြိုင်ကို အမှူးထား၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းလှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၄၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မတ်ပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၉၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေချိုဘူတာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၃ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၅၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ပြောပြ၍သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကလဲ ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်လုပ်သူတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသတွေထိ လိုက်လံပို့ဆောင်ပေးပါတယ်"ဟု ပန်းတနော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကွမ်းရွက်စိုက်သူများ၊ ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ရှေးရေစက်

ချစ်နိုင်(စိတ်ပညာ)

"အများကောင်းကျိုးကို ငါစွမ်းဆောင်နိုင်ခဲ့ရဲ့လား။ အများအကျိုးကို ရွက်သယ်ပိုးနိုင်ခဲ့ရင်ငါလည်း အကျိုးကျေးဇူးခံစားရမှာပဲ။ ဒီအတွေးကို ခေါင်းထဲအမြဲထည့်ထားပြီး ဘာပဲလုပ်လုပ် ကိုယ်ကျိုးကိုပဲ မကြည့်ဘဲနဲ့ "အများကောင်းကျိုး"ထည့်တွေးပြီးမှ လုပ်ပါ"

**မားကပ်စ်အော်ရေလီးယပ်၊ အန်တိုနီနတ် (အေဒီ ၁၂၁-၁၈၀)၊ ရောမအင်ပိုင်ယာ ဧကရာဇ်၊ အတွေးအခေါ်ပညာရှင်)**

**(Meditation Chopter 11)**

သံသရာခရီးကား ရှည်လျားလှသည်။ ဤဘဝသည် ဤမျှသာအစဖြစ်၍ သေခြင်းတွင် အဆုံးသတ်နိဂုံးချုပ်လျှင် ပြီးသွားပြီဟု ယူဆသူတွေလည်းရှိသည်။ ဤအယူကို သဿတဒိဋ္ဌိဟု ခေါ်၏။ ဘဝရှည်လျား သံသရာခရီးသွားအဖြစ် ဇီဝဝိညာဉ်လေးကတစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းရှင်သန်နေသေးသည်။ စိတ်ဝိညာဉ်မနေကား မပျောက်ပျက်ဘဲ ဘဝများစွာ ရှင်သန်တည်ရှိမြဲသည်ဟု ယူဆခြင်းကိုလည်း ဥစ္ဆေဒဒိဋ္ဌိဟုဆိုသည်။ ဗုဒ္ဓဘာသာသဘောအရမူ ရုပ်တရားကော၊ နာမ်တရားကော ဘယ်အရာမှ အမြဲမရှိ။ အစဉ်ထာဝရ ဘာမှခိုင်မာတည်တံ့သောသဘောမရှိဟု နားလည်ရမည်ဖြစ်လေသည်။ မမြဲခြင်း၊ ဆင်းရဲခြင်းနှင့် မိမိအနေနှင့် ငါမဟုတ်၊ ငါမပိုင်၊ ငါမရှိ၊ အတ္တ ဝါဒမဟုတ်ဘဲ အနတ္တဝါဒကသာ မြတ်စွာဘုရားပြဋ္ဌာန်းခဲ့သော တရားဖြစ်လေသည်။

ယခုဘဝသည် ရှေ့ဘဝမရှိ၊ နောက်ဘဝမရှိ၊ ဖြစ်စဉ်အဆက်အစပ်မရှိ၊ သေလျှင် ပြီးလေပြီတည်းဟု ယူဆပါက စိတ်ထင်ရာ လုပ်ချင်ရာလုပ်ပိုင်ခွင့်ရှိကာ အထိန်းအကွပ်၊ ကျင့်ဝတ်၊ ဆင်ခြင်တုံတရားကင်းမဲ့ပြီး လူသားသည် တိရစ္ဆာန်ကဲ့သို့ ရိုင်းစိုင်းကြမ်းတမ်း(မိုက်မဲ)နိုင်လေသည်။ သဿတဒိဋ္ဌိ အယူလွဲမှုသည် ရက်စက်မှားယွင်းကြောင်း ထင်ရှားပါ၏။

နောက်ဘဝသည်လည်း ဤဝိညာဉ်စိတ်(နာမ်)တရားပါပဲဟု စွဲယူလျှင်လည်း ဒိဋ္ဌိတစ်မျိုး ဖြစ်ပြန်ပါသေး၏။

မည်သို့ပင်ဖြစ်စေ ဘဝရှင်သန်ခြင်းသဘောတွင် လူသားသည် အခြားလူအများနှင့် ကျေးဇူးတရားအပြန်အလှန်ပြုကာ ရှင်သန်ရပ်တည်ကြရသည်။ လူလူချင်း အကြင်နာတရား၊ ကိုယ်ချင်းစာတရား၊ တရားမျှတမှု(ဓမ္မ)နှင့် မှန်ကန်မှု(သစ္စာ)၊ ငဲ့ညှာသိတတ်စွာ ကောင်းကျိုးဆောင်လိုသူ(မေတ္တာ)၊ သူတစ်ပါးကို မထိခိုက်စေရအောင် မိမိကိုယ်ကျင့်တရားကျင့်ဝတ်ကို စောင့်စည်းမှု(သီလ)၊ ဆင်းရဲသူကို မျှဝေခြင်း၊ ရှိသေအပ်သူကို လှူဒါန်းခြင်း၊ လိုအပ်သူကို ပေးကမ်းခြင်း(ဒါန)အလုပ်များသည် လူတစ်ယောက်ပြုသင့်ပြုထိုက်သော အပြုအမူ(ကောင်းမှု၊ ကုသိုလ်တရား)ဟု နားလည်ကျင့်သုံးလျှင်ပင် မဆိုးတော့ပါ။ လောကကို သာယာလှပစေအောင် အထောက်အကူပြုပေလိမ့်မည်။

ဘဝတစ်ခုကို ဤမျှနှင့်ပြီးပြတ်မသွားဘဲ နောက်တစ်ဘဝအပါအဝင် သံသရာဘဝခရီးကြီးကို ရှည်လျားစွာ (နိဗ္ဗာန်မရမီကာလတစ်လျှောက်လုံး) ဆက်လက်ချီတက်သွားရဦးမည်ဟု နားလည်ရပေသည်။

ယခုဘဝမှာ အတူတကွ နေထိုင်ခဲ့ကြသူတစ်ဦးဦးကွယ်လွန်သွားပြီးနောက် ဆွေမျိုးသားချင်းထဲမှာပင် မိန်းကလေးအဖြစ် (လူဝင်စား)ပြန်ဖြစ်လာသောအဘွားတစ်ဦးအကြောင်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရဖူး၏။ ရန်ကုန်မှာအနေကြာခဲ့ပြီဖြစ်သော သူငယ်ချင်းတစ်ဦး၏ မော်လမြိုင်မှအဘွားသည် ကွယ်လွန်ပြီးမကြာမီ သူ၏မြေး(တူလေး)တော်သူ၏သမီးအဖြစ် ပြန်ရောက်လာခဲ့သည်။ စကားပြောတတ်စနှစ်နှစ်၊ သုံးနှစ်အရွယ်ရောက်သောအခါ ရေတွင်းမှာဆုံသော (ယခင်ဘဝက အိမ်မှာ ကူဖော်လောင်ဖက်အလုပ်လုပ်ပေးသော) အမျိုးသမီးရင်ဘတ်က အင်္ကျီကြယ်သီးများကိုကြည့်လျက် "ဟဲ့ မိကေးရဲ့။ အဲဒါ ငါ့ကြယ်သီးလေးလုံးပါလား။ ငါညည်းကို မပေးမိပါဘူး" ဟု အဖွားကြီးလေသံဖြင့် မာမာထန်ထန်ပြောလိုက်လေသည်။

ဒေါ်ကေးသည် သုံးနှစ်အရွယ် ရန်ကုန်မှခေတ္တရောက်လာသည့် ကလေးမလေးကို အံ့အားသင့်စွာကြည့်ရင်း"ဟုတ်ပါတယ်ကွယ်၊ ငါ့ကို မမူတို့ မငယ်တို့က ပေးတာပါ။ ငါးလုံးမစေ့တော့ဘူး။ လေးလုံးပဲရှိတာ ယူချင်ယူဆိုပြီး သူတို့က အဘွားမရှိတော့လို့ ပေးခဲ့တာပါ"ဟု ဖြေသည်။

**❖ စိတ်ပညာသည် စာသင်ခန်းပြင်ပ ကွင်းဆင်းကြရသည့် ခရီးမျိုးတွေ နှစ်စဉ်ရှိခဲ့ပါ၏။ ထို့ကြောင့် ရွှေဘိုကာဘိုးဆည်၊ မုံရွာဖိုဝင်တောင်၊ အမရပူရ၊ လိပ်ဆံခွန်ရွာ၊ ကျောက်ဆည်ကင်းတားဆည်၊ ပြင်ဦးလွင် ဓာတ်တော်ချိုင့်၊ စစ်ကိုင်း မင်းကွန်း အစရှိသော ခရီးအနီးအဝေး အမျိုးမျိုးမှာ သူနှင့်အတူထိုင်၊ သူနှင့်အတူ စကား(ကားပေါ်မှာ)ပြော၊ သူနှင့်အတူ (တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ) ရယ်မောခဲ့ကြပါသော်လည်း သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်နေရလေသည်။ (၁၉၇၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ (အသက် ၂၅ နှစ်)မှာပင် သူသည် ဘဝတစ်ပါးသို့ ထွက်ခွာသွားခဲ့လေပြီ။ ရှေးရေစက်ကား ရက်စက်လေအား။ ❖**

ကလေးမလေးက "နောက် ကြယ်သီးတစ်လုံးရှိပါသေးတယ်အေ၊ ငါပေးပါဦးမယ်"ဟု ပြောကာ သစ်သားပျဉ်ထောင်အိမ်ကြီးအပေါ်ထပ်သို့ တက်သွားပြီး ဘုရားစင်အနီးရှိ ကျွန်းဗီရိုအံဆွဲ လေးခုအနက်မှ ညာဘက်အထက်အံဆွဲကို ဆွဲဖွင့်ပြီး (ဒေါ်ကေးဝတ်ဆင်ထားသော ကြယ်သီးလေးလုံးနှင့် ဆင်တူ၊ ဆိုဒ်တူ၊ အရွယ်တူ) ကွင်းကြယ်သီးလေး တစ်လုံးကိုယူလာခဲ့ပြီး ဒေါ်ကေးကိုပေးလေသည်။

ဒေါ်ကေးကား "အမယ်လေး အဘွားရယ်၊ ရန်ကုန်မှာသွားပြီး ဝင်စားရသလား။ မော်လမြိုင်ကို ခုမှရောက်တာတောင် ကျွန်မကို မိကေးလို့ ခေါ်တုန်းလား"ဟု ရှိုက်ကြီးတငင် ငိုယိုပါတော့သည်။

ဤကလေးမလေးက ဤအိမ်အိုကြီးပေါ်မှာရှိသော သေတ္တာအို၊ သေ့အိုများကို သေ့ခလောက်သံချေးတက် သေ့အချောင်းများစွာမှ တစ်ခုမှမလွဲရဘဲ အားလုံးဖွင့်ပေးလိုက်ပါသေး၏။ ဤကျွန်းသေတ္တာကြီးများကို ယခင်က ဘယ်သေ့နှင့်ဖွင့်ရမှန်းမသိ။ စမ်းဖွင့်တော့လည်း မရခဲ့ကြပေ။ ယခင်ဘဝက အဘွားဖြစ်ကြောင်း တိကျစွာသက်သေထင်ရှားသော လူဝင်စားမိန်းကလေးဖြစ်၏။ မော်လမြိုင်မှာ ပြုခဲ့ဖူးသော (ယခင်ဘဝ) အလှူပွဲ၊ အတန်းပွဲများကိုပင် စုံစုံလင်လင် ပြန်ပြောပြနိုင်လေ၏။

စာရေးသူ၏ ညီဝမ်းကွဲ (မိမိအဖေနှင့် သူ့အဖေညီအစ်ကိုအရင်း)တစ်ယောက်သည် ကွယ်လွန်သွားပြီးနောက် ရွာထဲမှာရှိသော အမျိုးသမီးဆီမှာ မိန်းကလေးဘဝဖြင့် လူဝင်စားပြန်ဖြစ်လာခဲ့သည်။ ယခင်ဘဝ လူပျိုပေါက်အရွယ် သူငယ်ချင်း အပေါင်းအဖော်များကို သူက စကားပြောတတ်စမှာပင် "ဟော့ မင်းဒင်၊ ဟော့ ကံလှိုင်၊ ဟော့ ပေါ်အေး"စသဖြင့် ငယ်ပေါင်းတွေလို ခေါ်ဝေါ်တတ်၏။ မိမိညီဝမ်းကွဲ (ချစ်စနိုး အိမ်အခေါ်) ကိုစိန်ဇီဘဝက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို စီကာပတ်ကုံး အကုန်မှတ်မိပြီး ပြောတတ်ခဲ့၏။ ယခုတော့ ထိုကလေးမပင် အသက် ၂၀ အစိတ်အရွယ် ရောက်နေခဲ့ပါပြီ။

လူဝင်စားဖြစ်စဉ်ရှိကြောင်း အချို့က မယုံကြည်ကြပါ။ ကိုယ်တွေ့မကြုံသဖြင့် မယုံနိုင်သေးခြင်းကို အပြစ်မဆိုသာပါ။ မိမိ၏ ညီဝမ်းကွဲ ကွယ်လွန်ပြီး သမီး မိန်းကလေးအဖြစ် ပြန်လည်လူဖြစ်လာပုံကို အတိတ်ဘဝဖြစ်ရပ်၊ ဖြစ်စဉ်၊ ပစ္စည်းများကို တိတိကျကျ ဂဃနဏ ပြန်လည်ပြောပြနိုင်ခဲ့သောကြောင့် အံ့သြဝမ်းသာစိတ်လှုပ်ရှားစွာဖြင့် ယုံကြည်ရပါ၏။

စကားပြောတတ်စ ကလေးအရွယ်က ဤသို့ပြန်ပြောင်းပြောနိုင်ခြင်းမှာ လိမ်ညာ၍မရနိုင်ပေ။

ဤသို့ လူဝင်စားဟူသော ဘဝကူးပြောင်းသလိုမျိုးရှိတတ်ကြောင်း သာဓကသက်သေပင်။

၁၉၄၁-၁၉၄၅ ခုနှစ်ကာလ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ဂျပန်အပါအဝင် မြန်မာပြည်စစ်မြေပြင်၊ အင်္ဂလိပ်တပ်များ ပြန်လည်ဝင်ရောက်လာခဲ့စဉ် ဒုတိယကမ္ဘာစစ်ကာလအတွင်း မြန်မာပြည်စစ်မြေပြင်။ ထိုအချိန်က စစ်လေယာဉ်ပျက်ကျပြီး မြန်မာ ကျေးလက်တောရွာများမှာရှိသော တောင်သူလယ်သမားတို့အိမ်မှာ ဂျပန်လေယာဉ်မှူး လေတပ်အရာရှိ၊ အင်္ဂလိပ်စစ်တပ်မှ လေယာဉ်ပေါ်မှ တပ်ကြပ်ကြီး စသောလူဝင်စားတို့က ငယ်ရွယ်စဉ် ကလေးဘဝ၊ စကားတတ်စမှာပင် ဂျပန်စကားပြောတတ်သူ၊ အင်္ဂလိပ်လိုပြောနိုင်သူများ တွေ့ကြရကြောင်း သတင်းမျိုးသည် ထိုစဉ်က သတင်းစာ၊ ဂျာနယ်တို့မှာ ဖော်ပြခဲ့ကြဖူးလေသည်။

သူသည် ငယ်စဉ်စကားစပြောတတ်စမှာ ဂျပန်နိုင်ငံ၊ ဘယ်မြို့ဘယ်ရွာမှ၊ အဖအမိဘယ်သူ ဘယ်ဝါ၏ သားသမီးဖြစ်ခဲ့ဖူးကြောင်း သတိတရပြန်ပြောတတ်သူတို့ ရှိခဲ့ဖူးပေသည်။ အတိတ်ဘဝကို လူတိုင်းမမှတ်မိတော့သော်လည်း ထူးထူးခြားခြား အတိအကျပြန်လည်ပြောပြတတ်သူနှင့် ဂျပန်နိုင်ငံမှ မြန်မာပြည်သို့ အရိုးကောက်အဖွဲ့မစ်ရှင်ဖြင့် လာကြသော ဂျပန်လူမျိုးများကို ဂျပန်လူဝင်စားနှင့် တွေ့ပေးရာ ဆွေမျိုးဖြစ်နေသဖြင့် ဖက်ပြီးငိုကြပုံလည်း သတင်းဂျာနယ် စသည်တို့တွင် ဖတ်ခဲ့ရဖူးသည်။ အထူးအဆန်း တိုက်ဆိုင်ပုံမျိုးပင်။

မြန်မာပြည်မှာ လူဝင်စားဟုပြောဆိုနေကြသော ဖြစ်ရပ်များသည် ဘာမှ ခိုင်ခိုင်မာမာ အထောက်အထားမရှိကြ။ အိပ်မက်အရ ဗေဒင်ဆရာဟောစကားအရ စသဖြင့် မရေရာပါဟု အချို့က ပြောဆိုခဲ့ကြ၏။ ဆရာတိုးထက်(စိတ်ပညာ)ရေးသော **"လူဝင်စားဖြစ်ရပ်များ"**စာအုပ်ကို ဖတ်ကြည့်စေလိုပါသည်။ အထောက်အထား တိတိကျကျနှင့်တွေ့ရပါလိမ့်မည်။

နိုင်ငံတကာမှာကော ဒါမျိုးရှိလို့လားဟု မေးလိုပါသလား။ အင်္ဂါကေစီ လက်တွေ့သုတေသနပြု၍ ရေးသားထားသော ဖြစ်ရပ်မှန်များစာအုပ်က ထင်ရှားလှပါသည်။ ဤစာအုပ်ကို မြန်မာဘာသာသို့ ချမ်းမြေ့ဆရာတော်ဘုရား အရှင်ဇနကာဘိဝံသက (ဘာသာပြန်ခဲ့ဖူးကြောင်း) စာအုပ်အနေဖြင့် ထုတ်ဝေခဲ့ပါ၏။ အထူးအဆန်းမဟုတ်သော လက်တွေ့ဖြစ်ရပ်သာဓကတွေ ရှိနေလေသည်။

သက်ရှိသတ္တဝါများသည် လူသားအပါအဝင် ဘဝများစွာ သံသရာ၌ ကံတရားအလျောက် အကောင်းအဆိုး အမျိုးမျိုးတွင် ကျင်လည်နေကြရပေသည်။ သံသရာ ဘယ်မှာဆုံးပါအံ့နည်း။

ရေစက်ဆုံ၍ ဘဝတစ်ကွေ့ ခဏတွေ့ကြရသူငယ်ချင်းသံယောဇဉ် နှောင်တင်းမိကြပါသော်လည်း ရေစက်မဆုံဘဲ အသက်အရွယ် ၂၀ ကျော်လေးမှာပင် ရှင်ကွဲသာမက သေကွဲကွဲခဲ့ရသူတွေလည်း ရှိခဲ့ပေသည်။ တက္ကသိုလ်ဘုန်းနိုင်ရေးသော "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်" ဝတ္ထုထဲကလိုပင် ခိုင်ရွှေစင် နမပြောဝင်းရယ်၊ နှစ်လွှာပေါင်းမှ တစ်ရွက်မည်သော ဘဝဝယ်၊ တစ်လွှာမှာ ကြွေဆင်းလေခဲ့ပြီမို့ တစ်ရွက်မမည်လေသော ဘဝမျိုးကို မိမိအသက် ၂၅ နှစ်မှာပင် ကြုံခဲ့ရ၏။

သူနှင့်မိမိက ခုနှစ်အတူ မွေးသူတွေဖြစ်ခဲ့သည့်အပြင် ဆယ်တန်းတစ်နှစ်ကျခဲ့တာချင်းလည်း တူသည်။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် စိတ်ပညာ အဓိကယူခဲ့ကြသည်ချင်းလည်း တူ၏။ ၁၉၆၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ လေးနှစ်လေးမိုး စာအတူသင်ယူခဲ့ကြသည့် ကျောင်းနေဖက်အနေဖြင့် ချစ်ခင်ကြသည်။ ချစ်သူအဖြစ်နှင့် ဖွင့်မပြောဖြစ်ခဲ့ပါချေ။

တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဘဝမှ လွန်မြောက်ကာ ဘဝကိုယ်စီ တစ်ယောက်တစ်နေရာစီ သူနှင့်မိမိ ဝေးကွာခွဲခွာကြရသောအခါမှ သုံး၊ လေးနှစ်တာကာလကြာမျှ ရင်ထဲမှာအသီးသီး ဘာတွေရှိကြ၍ ဘယ်မျှတွယ်တာခဲ့ကြသည်ကို နားလည်ကြရသည်။

မန္တလေးတက္ကသိုလ်ဆိုသည်ကလည်း တကယ်တော့ ကျဉ်းကျဉ်းလေးသာ။ ရွှေပြည်အေးအဆောင်နှင့် သစ္စာအဆောင်ဆိုသည်မှာလည်း ဘာမှမဝေးကွာ။ ၁၉၆၉-၁၉၇၀ ပြည့်နှစ်ကာလ တက္ကသိုလ်နောက်ဆုံးနှစ်မှာ စိတ်ပညာစစ်ဆေးလွှာ လက်တွေ့ကွင်းဆင်းသုတေသနခရီး၊ လေ့လာရေးခရီးတွေ အတူသွားခဲ့ကြသည်။ စိတ်ပညာသည် စာသင်ခန်းပြင်ပ ကွင်းဆင်းကြရသည့် ခရီးမျိုးတွေ နှစ်စဉ်ရှိခဲ့ပါ၏။ ထို့ကြောင့် ရွှေဘိုကာဘိုးဆည်၊ မုံရွာဖိုဝင်တောင်၊ အမရပူရ၊ လိပ်ဆံခွန်ရွာ၊ ကျောက်ဆည်ကင်းတားဆည်၊ ပြင်ဦးလွင်ဓာတ်တော်ချိုင့်၊ စစ်ကိုင်းမင်းကွန်း အစရှိသော ခရီးအနီးအဝေးအမျိုးမျိုးမှာ သူနှင့်အတူထိုင်၊ သူနှင့်အတူ စကား(ကားပေါ်မှာ) ပြော၊ သူနှင့်အတူ (တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ) ရယ်မောခဲ့ကြပါသော်လည်း သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်နေရလေသည်။ (၁၉၇၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌(အသက် ၂၅ နှစ်)မှာပင် သူသည် ဘဝတစ်ပါးသို့ ထွက်ခွာသွားခဲ့လေပြီ။ ရှေးရေစက်ကား ရက်စက်လေအား။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၀၇၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံမျိုးစုံ ၄၀၇၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၀၇၆ ဧကကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင်စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး နည်းပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်းသီးနှံတွေကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ စားဖိုဆောင်းသီးနှံတွေ စိုက်ပျိုးဖို့အတွက် လိုအပ်တဲ့မျိုးစေ့တွေ၊ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၀၇၆ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာဥ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထပ်ခနိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ထပ်ခနိမ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၆၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ထပ်ခနိမ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။ **နွဲ့ယဉ်**

## အဘိဓမ္မာ ပဝိရဏာနှင့် ထုံးတမ်းစဉ်လာ

\- မြတ်ဗုဒ္ဓ ဝတ်ံနန်းက
ကြွမြန်းလို့ ဆင်းသက်လာ၊
"အဘိဓမ္မာ"ဒေသနာတရား
ဟောကြားပြီးကာ၊
ဖူးမြော်ကြ လူနတ်ဖြဟ္မာ
ဦးတင်ကာ ခဝပ်တွား၊
မီးရောင်စုံ ထွေထွေပြား
ပူဇော်ကာ စည်စည်ကားကား
မီးမြင်းမိုရ်အလား။

\- သာသနာ့ ဝန်ကိုထမ်း
ရဟန်းမြတ် သံဃာတော်၊
သီတင်းဖော် ဖိတ်ပန်ကြား
မြင်ကြားမတော်၊
သံသယ ရှိပါသော်
အပြစ်ဖော် သတိပေး၊
ကုစားကာ ဝန်ခံမနေး
"ပဝါရဏာ" စဉ်လာရှေး
ဆေးလျှော်ညစ်ကြေး။

\- မြတ်ဗုဒ္ဓ ထံတော်မှောက်
ဖူးရောက်ဖို့ ဝေးနီးလာ၊
ရှေးစဉ်လာ လက်ဆင့်ကမ်း
ထုံးတမ်းမကွာ၊
အာမိသနှင့် ဓမ္မပူဇာ
ထုံးစဉ်လာ ခါသမယ၊
ထိန်းသိမ်းကာ ပူဇော်ကြ
ဦးတင်ကာ မြတ်ဗုဒ္ဓ
သက်ဂုဏ်ဝါ လူကြီးသူမ
ဘိုးဘွားနှင့် အမိအဖ
အာစရိယ။

\- ဝါတွင်းခါ သိုသိုသိပ်
ကြိတ်မှိတ်လို့ သည်းခံလာ၊
ဝါကျွတ်ခါ မျှော်ကာမှန်း
ဝမ်းပန်းတသာ၊
အာဝါဟ ဝိဝါဟာ
မင်္ဂလာ ခါတော်တေး၊
ဘဝင်ညံ့ လွင့်ပျံ့ဝေး
မြားနတ်ရှင်ငေး။ ။

**ကျော်စောဟန်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

## နိုင်ဂျီးရီးယားသမ္မတ တီနူဘူ ရွေးကောက်ပွဲမဲဆွယ်လုပ်ငန်း တရားဝင်စတင်

**အဘူဂျာ အောက်တိုဘာ ၂၅**

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် သမ္မတရာထူး ဒုတိယသက်တမ်းအတွက် မဲဆွယ်လှုပ်ရှားမှုကို အောက်တိုဘာ ၂၄ ရက်တွင် နိုင်ဂျီးရီးယားမြောက်ပိုင်း ကာဒူနာမြို့၌ တရားဝင်စတင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူနေမှုစရိတ်ကြီးမားမှုပြဿနာ ရှိနေသည့်တိုင် မိမိလက်ထက် ပြုလုပ်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၏ အသီးအပွင့်များကို ပြည်သူများအနေဖြင့် စတင်ခံစားနေကြရပြီ ဖြစ်ကြောင်း ကာဒူနာမြို့မဲဆွယ်ပွဲ၌ သမ္မတ တီနူဘူက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား နိုင်ငံသည် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ရာ လက်ရှိ သမ္မတ တီနူဘူသည်လည်း သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် သမ္မတတီနူဘူ၏ အဓိကပြိုင်ဘက်များမှာ ဒုတိယသမ္မတဟောင်း အက်တီကူအဘူဘေကာနှင့် အန်နမ်ဘရာ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ပီတာအိုဘီတို့ ဖြစ်လာနိုင်ကြောင်း သိရသည်။

အက်တီကူ အဘူဘေကာနှင့် ပီတာအိုဘီတို့သည် ၂၀၂၃ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ဒုတိယနေရာနှင့် တတိယနေရာတို့တွင် အသီးသီး ရပ်တည်နိုင်ခဲ့သူများ ဖြစ်ကြသည်။

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် သမ္မတရာထူးကို ၂၀၂၃ ခုနှစ်တွင် ရယူခဲ့ပြီးနောက် လောင်စာဆီဝယ်ယူရေးအတွက် နိုင်ငံတော်က ငွေကြေးစိုက်ထုတ်ပေးနေမှုများလျှော့ချခြင်းအပါအဝင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့သူဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံ တန်ဒေါင်နယ်စပ်မြို့သို့ မြောက်ကိုရီးယားခေါင်းဆောင် သွားရောက်



**ပြုံယမ်း အောက်တိုဘာ ၂၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်နိုင်ငံ တန်ဒေါင်နယ်စပ်မြို့ရှိ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်ခဲ့ပြီးနောက် ယနေ့တွင် မြောက်ကိုရီးယားသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း မြောက်ကိုရီးယားမီဒီယာများ သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အောက်တိုဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံနှင့် ချိတ်ဆက် တည်ဆောက်ထားသည့် တံတားသစ်ကို ဖြတ်သန်း၍ တန်ဒေါင်နယ်စပ်မြို့သို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ပြည်သူများအနေဖြင့် ကိုရီးယားကျွန်းဆွယ်စစ်ပွဲနှင့် တရုတ်ပြည်သူများနှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သည့် ဂုဏ်ယူဖွယ်ရာ နှစ်ကာလများကို မည်သည့်အခါတွင်မျှ မေ့ပျောက်မည်မဟုတ်ကြောင်း တန်ဒေါင်နယ်စပ်မြို့ ခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယား ပြည်သူများ၏ တော်လှန်ရေးကို သွေးဖြင့် ရင်းနှီး၍ ကူညီခဲ့ကြသော တရုတ်ပြည်သူများကိုလည်း မျိုးဆက်တိုင်းက ကျေးဇူးတင်သည်ဟု ကင်ဂျုံအန်က ပြောကြားခဲ့ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

## ပင်လယ်ရေအောက် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများကို တိုက်ခိုက်မည့်အစီအစဉ်များ အီရန်ရေးဆွဲထား

**တီဟီရန် အောက်တိုဘာ ၂၅**

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ထပ်မံတိုက်ခိုက်လာခဲ့ပါက ပင်လယ်ကွေ့ ဒေသတွင်းရှိ ပင်လယ်ရေအောက် ဆက်သွယ်ရေး ကေဘယ်လ်ကြိုးလိုင်းများ ပစ်မှတ်ထား တိုက်ခိုက်ရေးအတွက် အသေးစိတ်အစီအမံများကို အီရန်နိုင်ငံကရေးဆွဲထားသည်ဟု အောက်တိုဘာ ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ ထပ်မံတိုက်ခိုက်ခံခဲ့ရပါက ပင်လယ်ကွေ့ဒေသတွင်းရှိ ပင်လယ်ရေအောက်က ဆက်သွယ်ရေး ကေဘယ်လ်ကြိုးလိုင်းများ ပစ်မှတ်ထားတိုက်ခိုက်ရန် စီစဉ်ထားမှုကို အီရန်လုံခြုံရေးတာဝန်ရှိသူနှစ်ဦးက ထုတ်ဖော်ပြောကြားထားခြင်းဖြစ်သည်။

သို့ရာတွင် ပင်လယ်ရေအောက် ကေဘယ်လ် ကြိုးလိုင်းများကို မည်သို့တိုက်ခိုက်မည်၊ မည်သည့်နေရာများ၌ ပြုလုပ်မည် စသည့် အသေးစိတ် အချက်အလက်များကို အီရန်လုံခြုံရေးတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် တိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် အင်တာနက်အပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှု ပိုမိုကြန့်ကြာစေရေးအတွက် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများကိုလည်းတားဆီးရန် အီရန်က ရည်ရွယ်ထားကြောင်း အီရန်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်နိုင်ငံနှင့် သံတမန်ရေးအရ ဆွေးနွေးမှုများ ပျက်ပြားခဲ့ပါက ထပ်မံဖြစ်ပွားမည့် မည်သည့် စစ်ရေးပဋိပက္ခမျိုးတွင်မဆို ပင်လယ်ကွေ့ဒေသရှိ ပင်လယ်ရေအောက်ဆက်သွယ်ရေး ကေဘယ်လ် ကြိုးလိုင်းများမှာ အီရန်၏ပစ်မှတ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြီးခဲ့သည့်ရက်များအတွင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

နိုင်ငံတကာ ဆက်သွယ်ရေးသမဂ္ဂ၏ အဆိုအရ ကမ္ဘာတစ်ဝန်း အင်တာနက်ဆက်သွယ်ရေး လမ်းကြောင်း ၉၉ ရာခိုင်နှုန်းခန့်မှာ ပင်လယ်ရေအောက် ကေဘယ်လ်ကြိုးလိုင်းများ ဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆစ်ဒနီမြို့ နိုင်ငံတကာလေဆိပ်သစ် ဩစတြေးလျအစိုးရ တရားဝင်ဖွင့်လှစ်




**ဆစ်ဒနီ အောက်တိုဘာ ၂၅**

ဆစ်ဒနီမြို့၏ နိုင်ငံတကာ လေဆိပ်သစ်ကို ဩစတြေးလျ အစိုးရ ယနေ့တွင် တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း ဩစတြေးလျမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဆစ်ဒနီအနောက်ပိုင်း နိုင်ငံတကာလေဆိပ်သည် ဆစ်ဒနီမြို့၏ အနောက်ဘက်ကီလိုမီတာ ၆၀ (၃၇ ဒသမ ၃ မိုင်) အကွာတွင် တည်ရှိသည်။

ဆစ်ဒနီအနောက်ပိုင်း နိုင်ငံတကာလေဆိပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံ၏ လူဦးရေအများဆုံးမြို့ဖြစ်သည့် ဆစ်ဒနီမြို့အတွက် အောင်မြင်မှုကြီး တစ်ရပ်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက ပြောကြားထားသည်။

ဩစတြေးလျနိုင်ငံသည် ဆစ်ဒနီအနောက်ပိုင်း နိုင်ငံတကာလေဆိပ်ကို ဩစတြေးလျ ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံ) အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆစ်ဒနီအနောက်ပိုင်း နိုင်ငံတကာလေဆိပ်သစ်သည် ၂၄ နာရီပတ်လုံးလေယာဉ်အဆင်း၊ အတက်ပြုလုပ်နိုင်မည့် လေဆိပ်ဖြစ်ကြောင်း ဩစတြေးလျတာဝန်ရှိသူများက ပြောကြားထားသည်။

ဆစ်ဒနီမြို့အနီး တည်ရှိသည့် ဆစ်ဒနီ နိုင်ငံတကာလေဆိပ်ဟောင်းသည် နံနက် ၁၁ နာရီ မတိုင်မီနှင့် ညနေ ၆ နာရီနောက်ပိုင်းတွင်သာ လေယာဉ်အဆင်း၊ အတက် ပြုလုပ်နိုင်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ဂျော်ဒန်နိုင်ငံ ခရစ်ယာန်ဘုရားကျောင်း၌ သေနတ်ပစ်ခတ်မှုကြောင့် လူကိုးဦးသေဆုံး၍ ဦးရေ ၄၀ ဒဏ်ရာရ



**အမန် အောက်တိုဘာ ၂၅**

ဂျော်ဒန်နိုင်ငံ ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်း၌ အောက်တိုဘာ ၂၃ ရက်က ဗျာပနာအခမ်းအနားတစ်ခုကျင်းပနေစဉ် သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူကိုးဦးသေဆုံး၍ ဦးရေ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် အမန်မြို့ တောင်ဘက် ၅၅ မိုင်ခန့် အကွာရှိ ကာရက်ခ်မြို့ ဂရိအော်သိုဒေါ့ခရစ်ယာန်ဘုရားကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်မှုကျူးလွန်သူ သေနတ်သမားများမှာ ထွက်ပြေးလွတ်မြောက်လျက်ရှိရာ ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် ဂျော်ဒန်ရဲတပ်ဖွဲ့က ကြိုးပမ်းနေကြောင်းသိရသည်။

ခရစ်ယာန်ဘုရားကျောင်း ပစ်ခတ်မှု ကျူးလွန်သူများကို ပြတ်ပြတ်သားသား တုံ့ပြန်ရန် ဂျော်ဒန်ဘုရင်အက်ဘ်ဒူလာ-၂ က လုံခြုံရေး အဖွဲ့အစည်းများကို အောက်တိုဘာ ၂၄ ရက်တွင် ညွှန်ကြားထားသည်။

ကာရက်ခ်မြို့ ခရစ်ယာန်ဘုရားကျောင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ဂျော်ဒန်အစိုးရက နိုင်ငံတစ်ဝန်းရှိ ဈေးဝယ်ကုန်တိုက်များ၊ နိုင်ငံခြားသံရုံးများ၊ အခြားအရေးကြီးသောနေရာများ၌ လုံခြုံရေး မြှင့်တင်ထားပြီးနောက် ဂျော်ဒန်ဘုရင် အက်ဘ်ဒူလာ-၂ သည် အမျိုးသားလုံခြုံရေး အစည်းအဝေးကို ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်အမျိုးသားအာကာသအေဂျင်စီက အဝေးအာရုံခံစနစ် ဂြိုဟ်တုအုပ်စုနှစ်စုကို အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် အဝေးအာရုံခံစနစ် ဂြိုဟ်တုအုပ်စုနှစ်စုကို အောက်တိုဘာ ၂၄ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ယောင်ကန်း-၅၃ နှင့် ယောင်ကျိုး-၅၆ အမည်ရှိ အဆိုပါ ဂြိုဟ်တုအုပ်စုနှစ်စုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းချိုကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၄ ဘီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ ဘီ ဒုံးပျံသည် ယောင်ကန်း-၅၃ ဂြိုဟ်တုအုပ်စု နှင့် ယောင်ကျိုး-၅၆ ဂြိုဟ်တုအုပ်စုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ ၂၄ ရက်မစ်ရှင်အတွင်း လွှတ်တင်ခဲ့သော ဂြိုဟ်တုအရေအတွက်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

ယောင်ကန်းအုပ်စုဝင်ဂြိုဟ်တုများကို သိပ္ပံပညာစမ်းသပ်မှုများ၊ မြေနှင့် သယံဇာတအရင်းအမြစ်တိုင်းတာမှုများ၊ သဘာဝဘေးကာကွယ်ရေးနှင့်လျှော့ချရေးလုပ်ငန်းများအတွက် အသုံးပြုနေကြောင်း သိရသည်။

အောက်တိုဘာ ၂၄ ရက်မစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၆၃၇ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်က သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ်များ စစ်ဆေးထိန်းညှိမှု နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်သည် သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ်များ စစ်ဆေးထိန်းညှိမှု နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယို တယ်လီစကုပ်အနေဖြင့် ရေဒီယိုတယ်လီစကုပ်နှင့် အခြေခံစူးစမ်းလေ့လာရေး စနစ်များအား စစ်ဆေးမှုနှင့် ချိန်ညှိမှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စူးစမ်းလေ့လာရေးစနစ်များ စစ်ဆေးမှုနှင့်ချိန်ညှိမှုများကို လုပ်ဆောင်ခဲ့ပြီးနောက် နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီ



စကုပ်တစ်ခုလုံးမှာ အပြည့်အဝလုပ်ငန်း လည်ပတ်နေကြောင်း နာဆာတာဝန်ရှိသူများက အတည်ပြုထားသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီးနောက် ၎င်းရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်းတစ်သန်းခန့်အကွာ၌ နေရာယူ၍စူးစမ်းလေ့လာရေးစနစ်များကို စစ်ဆေးမှုနှင့် ချိန်ညှိမှုများ စတင် ပြုလုပ်ခဲ့သည်။

နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များကို ဓာတ်ပုံများ တိုက်ရိုက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# အင်္ဂါဂြိုဟ်၏ အကြီးမားဆုံးတောင်ကြားစနစ် ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး နှစ်သန်းရာပေါင်းများစွာ ကြာမြင့်ခဲ့သည့်တိုင် ဘူမိလှုပ်ရှားမှုများရှိနေ

**လန်ဒန် အောက်တိုဘာ ၂၅**

အင်္ဂါဂြိုဟ်၏ အကြီးမားဆုံး တောင်ကြားစနစ်သည် ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး နှစ်သန်းရာပေါင်းများစွာ ကြာမြင့်ခဲ့သည့်တိုင် ဘူမိလှုပ်ရှားမှုများရှိနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Valles Marineris အမည်ရှိ အဆိုပါ တောင်ကြားစနစ်သည် အလျားမိုင် ၂၄၀၀၊ အကျယ်မိုင် ၃၇၀နှင့် အနက် ၅ ဒသမ ၆ မိုင်ထိရှိသော တောင်ကြားစနစ်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံခန့်က စတင်ပေါ်ထွက်လာခဲ့သည့် Valles Marineris တောင်ကြားစနစ်သည် နေအဖွဲ့အစည်း၏ အကြီးမားဆုံးတောင်ကြားစနစ်ဖြစ်သည်။

လန်ဒန်ဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Valles Marin-eris တောင်ကြားစနစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံက ပေါ်ထွက်ခဲ့သည့်တိုင် အင်္ဂါဂြိုဟ်မြေလျှင်များကို ထုတ်လွှတ်နိုင်ဆဲဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Valles Marineris တောင်ကြားစနစ်၏ အောက်၌ တည်ရှိနေသော ပြတ်ရွေ့ကြောများမှာ လျှင်များကို ထုတ်လွှတ်နိုင်ဆဲဖြစ်ကြောင်း သိရသည်။

Valles Marineris တောင်ကြားစနစ်အတွင်း နောက်ဆုံးပေါ်ထွက်လာသည့်လျှင်မှာ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ပေါ်ထွက်ခဲ့သည့်လျှင်ဖြစ်သည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# အယ်လ်ဇိုင်းမားရောဂါလူနာများစွာကို ADHD ရောဂါကုဆေးများဖြင့် စမ်းသပ်ကုသမည်

**လန်ဒန် အောက်တိုဘာ ၂၅**

ဗြိတိန်သုတေသနပညာရှင်များသည် Ad-Smart အမည်ရှိ အစီအစဉ်ဖြင့် အယ်လ်ဇိုင်းမားရောဂါလူနာရာပေါင်းများစွာကို ADHD ရောဂါကုဆေးများဖြင့် လက်တွေ့ စမ်းသပ်ကုသမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

Atomoxetine အမည်ရှိ ADHD ဆေးသည် အယ်လ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ပြီးနောက် ဗြိတိန်သုတေသနပညာရှင်များက Ad-Smart လက်တွေ့စမ်းသပ်မှုအစီအစဉ်ကို စတင်ရန်စီစဉ်ထားခြင်းဖြစ်သည်။

Ad-Smart စမ်းသပ်မှုတွင် ဗြိတိန်သုတေသန ပညာရှင်များသည် Atomoxetine ဆေးနှင့် အပြိုင် ပုံစံ-၂ ဆီးချိုရောဂါဆေးတစ်မျိုးဖြစ်သည့် မက်ဖော်မင်ဆေးဖြင့်လည်း အယ်လ်ဇိုင်းမားလူနာများကို စမ်းသပ်ကုသမည်ဖြစ်သည်။

စိတ်အားတက်ကြွမှု လွန်ကဲခြင်းရောဂါ(ADHD) ကို ကုသရာတွင် အသုံးပြုသည့် Atomoxetine ဆေးနှင့် မက်ဖော်မင်ဆေးတို့သည် အယ်လ်ဇိုင်းမားရောဂါလက္ခဏာများကို ကုသပေးနိုင်မည့်အလားအလာရှိကြောင်း သိရသည်။

အယ်လ်ဇိုင်းမားရောဂါသည် အဖြစ်အများဆုံး ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Demention) ပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Black Tea လက်ဖက်ရည်ပုံမှန်သောက်ခြင်းက နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်

**ပေကျင်း အောက်တိုဘာ ၂၅**

Black Tea လက်ဖက်ရည် ပုံမှန်သောက်သုံးခြင်းဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Black Tea လက်ဖက်ရည်ကို တစ်နေ့လျှင် ခုနစ်ခွက်ထိ သောက်သုံးပါက နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေကို ၃၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

လူပေါင်း ၅၀၀၀၀၀ ခန့်တို့မှ ရရှိသော သတင်းအချက်အလက်များအရ Black Tea လက်ဖက်ရည်ကို မည်ရွေ့မည်မျှပင်ဖြစ်စေ ပုံမှန်သောက်သုံးမှုသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်နိုင်ခြေကို ၁၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် တစ်ရက်လျှင် Black Tea လက်ဖက်ရည်ကို တစ်ရက်လျှင် ခြောက်ခွက်မှရှစ်ခွက်ကြား သောက်သုံးသူများသည် နှလုံးကျန်းမာရေး အကျိုးကျေးဇူးကို အများဆုံးရယူခံစားနိုင်ကြောင်း သိရသည်။

Black Tea လက်ဖက်ရည်တွင် ပါဝင်သော ဇီဝဒြပ်ပေါင်းများသည် အောက်ဆီဂျင်ဓာတ်ဖျက်ဂုဏ်သတ္တိ၊ ရောင်ရမ်းမှုလျှော့ချရေးဂုဏ်သတ္တိ၊ သွေးကြောများအတွင်းရှိ Endothelial ဆဲလ်အလွှာများကို ကာကွယ်နိုင်သည့် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားမှုကြောင့် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ဂျိုရှုအာဗန်က မာနယ်ကပ်နှင့် ထိုးသတ်ရမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် ၎င်း၏ UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ပေါ်တူဂီဖိုက်တာ မာနယ်ကပ်နှင့် ထိုးသတ်ရမည်ဟု UFC အဖွဲ့ချုပ်က ယနေ့တွင် ကြေညာခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်ကို လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပမည့် UFC 336 ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် အဖွဲ့ချုပ်က စီစဉ်ထားခြင်းဖြစ်သည်။

အစောပိုင်းက UFC အဖွဲ့ချုပ်က UFC 336 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ရုရှားဖိုက်တာ မာကာချက်နှင့် အမေရိကန်ဖိုက်တာ ပရာတက်တို့၏ UFC ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထည့်သွင်းကျင်းပရန် စီစဉ်ထားသော်လည်း မာကာချက်၏ ကြံ့ခိုင်မှုပိုင်းသည် လာမည့် ဇန်နဝါရီလအတွင်း ထိုးသတ်ရန် အသင့်မဖြစ်သေးသည့် အတွက် အပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး ဂျိုရှုအာဗန်နှင့် မာနယ်ကပ်တို့ကို အဓိကတွဲဆိုင်းအဖြစ် ထည့်သွင်းကျင်းပရန် ကြေညာခဲ့ခြင်းဖြစ်သည်။

မာနယ်ကပ်သည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ် အဖြစ် ပြီးခဲ့သည့် ဇွန်လက ဂျပန်ဖိုက်တာ ဟိုရီဂူချီနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ဖလိုင်းဝိတ်တန်းတွင် အဆင့်(၁)အဖြစ် ရပ်တည်ခဲ့ကာ ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ခွင့်ရရှိခဲ့ပြီး UFC အဖွဲ့ချုပ်ကလည်း UFC 336 ပြိုင်ပွဲတွင် မာနယ်ကပ်ကို ဂျိုရှုအာဗန်နှင့် ထိုးသတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ဂျိုရှုအာဗန်သည်လည်း နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ် ပြီးခဲ့သည့် စက်တင်ဘာ ၁၉ ရက်က ပြိုင်ဘက်ဟောင်းဖြစ်သည့် ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ပြန်လည်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရပြီးနောက် ယခုအခါ UFC 336 ပြိုင်ပွဲတွင် တတိယမြောက် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်ကို ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

STA




# AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် Borneo FC အသင်းတို့တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၅

AFC Challenge Leagueပြိုင်ပွဲ အောက်တိုဘာ ၂၄ ရက်က အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းယူနိုက်တက် အသင်းက ကွာတားဖိုင်နယ် အဆင့်၌ အင်ဒိုနီးရှားကလပ်အသင်းဖြစ်သည့် Borneo FC အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ အင်ဒိုနီးရှားကလပ် Borneo FC အသင်းသည် အုပ်စု သုံးပွဲတွင် သုံးပွဲလုံးအနိုင်ရပြီး အုပ်စု ပထမဖြင့် ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် လာမည့် ၂၀၂၇ ခုနှစ် မတ် ၁၁ ရက်တွင် အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၁၈ ရက်တွင် အဝေးကွင်းသွားရောက် ကစားရမည်ဖြစ်ကြောင်းသိရသည်။

STA

# UFC 333 ပြိုင်ပွဲတွင် ဗိုကာနော့စကီးက အီလော့ဗ်ကို အနိုင်ရပြီး ချန်ပီယံခါးပတ်ကိုကာကွယ်ခဲ့




အဘူဒါဘီ အောက်တိုဘာ ၂၅

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် ကျင်းပခဲ့သည့် UFC 333 ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဖယ်သာဝိတ်တန်းချန်ပီယံ ခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဩစတြေးလျဖိုက်တာ ဗိုကာနော့စကီးနှင့် စိန်ခေါ်သူရုရှားဖိုက်တာအီလော့ဗ်တို့ ထိုးသတ်ခဲ့ရာ ဗိုကာနော့စကီးက အလဲထိုးဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်း UFC သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမအချီတွင် အီလော့ဗ်က ဖိအားပေး ထိုးသတ်နိုင်ခဲ့သော်လည်း ဒုတိယအချီတွင် ဗိုကာနော့စကီး၏အားပါသည့် ညာလက်သီးချက်ကြောင့် အီလော့ဗ် လဲကျခဲ့ပြီးနောက် ဗိုကာနော့စကီးက ဆက်တိုက် ဖိအားပေးထိုးသတ်ခဲ့ရာ အီလော့ဗ် အနေဖြင့် ကာကွယ်နိုင်ခြင်း မရှိသည့်အတွက် ဒိုင်လူကြီးကို ပွဲကိုရပ်တန့်ခဲ့ရပြီး ဗိုကာနော့စကီးက အလဲထိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဗိုကာနော့စကီးက “အီလော့ဗ်က သိပ်ကောင်းတဲ့တိုက်ခိုက်ရေးသမားပါ။ ရှုံးပွဲမရှိခဲ့တဲ့မှတ်တမ်းကလဲ သူဘယ်လောက်ကောင်းလဲဆိုတာသိကြမှာပါ။ သူ့ကိုထိန်းချုပ်နိုင်ဖို့က ကျွန်တော်ပဲရှိတယ်လို့ ပြောခဲ့ဖူးပါတယ်။ သူ့အပေါ် ကျွန်တော်လေးစားမှု အပြည့်ရှိပါတယ်။ ပထမအချီမှာ သူ ကျွန်တော့်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ပွဲစဉ်အပြီး သူ ကျွန်တော့်ကို နောက်ထပ်ပွဲစဉ်တွေ ထိုးသတ်ဖို့ကိုပြောခဲ့ပါတယ်။ အခုလို အနိုင်ရရှိခဲ့တာက ကျွန်တော့်အတွက် တကယ်ကို ကျေနပ်စရာပါ”ဟု ပြောကြားခဲ့သည်။

UFC 333 ပြိုင်ပွဲတွင် အခြားထိပ်တန်းတွဲဆိုင်းများ အဖြစ် UFC ကမ္ဘာ့ဘင်တန်ဝိတ်တန်း ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရုရှားဖိုက်တာ ပီတာယန်နှင့် စိန်ခေါ်သူ ဂျော်ဂျီယာဖိုက်တာ မီရဘ်တို့ ပွဲစဉ်တွင်လည်း လက်ရှိချန်ပီယံ ပီတာယန်က ဒိုင်အမှတ်ဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်းသိရသည်။

Ref : UFC
Trs : STA

# ၂၀၁၆ ခုနှစ်နောက်ပိုင်း မန်စီးတီးအသင်းကို သုံးပွဲဆက်အနိုင်ရသည့် ပရီးမီးယားလိဂ်အသင်းအဖြစ် အေဗီလာအသင်းရပ်တည်

လန်ဒန် အောက်တိုဘာ ၂၅

အေဗီလာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် အောက်တိုဘာ ၂၄ ရက်က ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် အနိုင်ရခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်နောက်ပိုင်း မန်စီးတီးအသင်းကို သုံးပွဲဆက်အနိုင်ရသည့်အသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် အေဗီလာအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး အေဗီလာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်နှင့် မိနစ် ၆၀ တို့တွင် ဂျက်ဆင်ကသွင်းယူခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် ဟာလန်းက သွင်းယူခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၁၆ ခုနှစ်က အသင်းကို နည်းပြဟောင်း ဂွာဒီယိုလာ တာဝန်ယူကိုင်တွယ်ခဲ့သည့်အချိန်မှစတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းတစ်သင်းတည်းကို သုံးပွဲဆက်ရှုံးနိမ့်ခြင်း မရှိခဲ့ဘဲ ယခုအခါမှသာ အေဗီလာအသင်းကို ပရီးမီးယားလိဂ် သုံးပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြသစ် မာရက်စကာလက်အောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အေဗီလာအသင်းနှင့်ပွဲစဉ် မတိုင်မီက ခုနစ်ပွဲဆက်အနိုင်ရရှိခဲ့သော်လည်း အေဗီလာအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ပြီး ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေကြောင်း သိရသည်။

Ref : 365 Scores
Trs : STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။




မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပိုခြောက်မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက Sunset အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီ အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ချင်းလန်းအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်နှင့် ၅၇ မိနစ်တို့တွင် ဖီလစ်၊ ပွဲချိန် ၆၁ မိနစ်နှင့် ၈၈မိနစ်တို့တွင် လှဖုန်းဦး၊ ပွဲချိန် ၆၉ မိနစ်တွင် Van Bawi Thawng တို့က သွင်းယူခဲ့ပြီး မြဝတီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူခဲ့ကြောင်းသိရသည်။

STA

# မိုဇမ်ဘစ်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၉၀၈၀၀ ထိခိုက်ပျက်စီးခဲ့



မာပူတို အောက်တိုဘာ ၂၅

မိုဇမ်ဘစ်နိုင်ငံတွင် အောက်တိုဘာလအစကတည်းက တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရာ သစ်တောမြေဟက်တာ ၉၀၈၀၀ ထိမီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း ကမ္ဘာ့သဘာဝဘေးအန္တရာယ်အသိပေးစောင့်ကြည့်ရေးစနစ် (GDA-CS) ၏ ယနေ့ ဂြိုဟ်တုအခြေပြု စောင့်ကြည့် မှတ်တမ်းများအရ သိရသည်။

မိုဇမ်ဘစ်နိုင်ငံတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် သစ်တောအတွင်း မြက်ပင်များနှင့် သစ်ရွက်ခြောက်များ ခြောက်သွေ့ကာ တောမီးများ ပိုမိုလောင်ကျွမ်းလွယ်စေကြောင်း၊ လေတိုက်နှုန်းက တောမီးကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေကြောင်း သိရသည်။

တောမီးသည် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်စေသည့်အပြင် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သဖြင့် မိုဇမ်ဘစ်နိုင်ငံအစိုးရက တောမီးလောင်မှုများကို စောင့်ကြည့်ထိန်းချုပ်ခြင်း၊ တောမီးကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ခြင်းနှင့် မီးလောင်နိုင်ခြေရှိသော ဒေသများတွင် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့သဘာဝဘေးအန္တရာယ် အသိပေးစောင့်ကြည့်ရေးစနစ် (GDACS)မှ သိရသည်။

Ref : Russia Today

Trs : KZ

# အီသီယိုးပီးယားနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသော လူဦးရေ ၃ ဒသမ ၅ သန်းထက်မနည်းရှိနေ

အဒစ်အဘာဘာ အောက်တိုဘာ ၂၅

အီသီယိုးပီးယားနိုင်ငံတွင် အယ်လ်နီညို ရာသီဥတုကြောင့် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသော လူဦးရေ ၃ ဒသမ ၅ သန်းထက်မနည်း ရှိနေကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံတွင် ပုံမှန်အားဖြင့် မိုးခေါင်သည့် ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုအခြေအနေပိုမိုဆိုးရွားလာခဲ့ပြီး မိုးခေါင်မှုနှင့် ဆက်စပ်သည့် ပြဿနာများဖြင့် ရင်ဆိုင်နေရသည့် လူဦးရေမှာ ၃ ဒသမ ၅ သန်းထိရှိနေကြောင်း၊ အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေဒေသခြောက်ခုထိရှိနေပြီး အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသူ သန်းနှင့်ချီ၍ရှိနေကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများလည်း လိုအပ်နေကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း (IFRC) က ထုတ်ပြန်ခဲ့သည်။

"အီသီယိုးပီးယားနိုင်ငံဟာ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့ပြီးတော့ စားနပ်ရိက္ခာပြတ်လပ်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ စားနပ်ရိက္ခာရှားပါးမှုတွေကြောင့် နယ်မြေဒေသခြောက်ခုမှာ အငတ်ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလဲ လိုအပ်နေပါတယ်။ နိုင်ငံတကာရဲ့ အကူအညီ ရရှိမယ်ဆိုရင်တော့ အီသီယိုးပီးယား ပြည်သူတွေအတွက် တော်တော်လေးကို အဆင်ပြေနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုဒဏ်ကို ရင်ဆိုင်နေရတဲ့ ပြည်သူ ၃ ဒသမ ၅ သန်းထက် မနည်းရှိနေပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းအနေနဲ့လဲ နိုင်ငံတကာအကူအညီကို တောင်းခံပေးထားတယ်လို့လဲ သိရပါတယ်" ဟု အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်(ထိုင်ပေ)တွင် ချန်ပီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး မုန်တိုင်းတိုက်ခတ်ရာလမ်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရ

ပေကျင်း အောက်တိုဘာ ၂၅

တရုတ်(ထိုင်ပေ)တွင် ချန်ပီဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မုန်တိုင်းဖြတ်သန်းတိုက်ခတ်ရာလမ်းကြောင်းတစ်လျှောက် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း တရုတ်(ထိုင်ပေ)အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့လဲကျခဲ့ပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သကဲ့သို့ လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ချန်ပီတိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီ ၇၈ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူနေအိမ်ခြေနှင့် အခြေခံအဆောက်အအုံများ၊ ပျက်စီးခဲ့ပြီး ဒေသခံ အမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း တရုတ်(ထိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ချန်ပီ တိုင်ဖွန်းမုန်တိုင်းဟာ ယီယန်ကမ်းခြေကို ဗဟိုပြုပြီးတော့ တိုက်ခတ်ခဲ့ပါတယ်။



မုန်တိုင်းဟာ တစ်နာရီ ၇၈ မိုင်နှုန်းနဲ့ ဝင်ရောက်တိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီ ၁၄၃ မိုင်နှုန်းထိ မြင့်တက်ခဲ့ပါတယ်။ မုန်တိုင်းအားကောင်းတဲ့အတွက် သစ်ပင်ကြီးတချို့ လဲကျခဲ့ပြီးတော့ လူနေအိမ်တွေ ပျက်စီးခဲ့ပါတယ်။ မုန်တိုင်းကြောင့် လူတစ်ယောက် သေဆုံးခဲ့ပြီးတော့ လူ ၅၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု တရုတ်(ထိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မက္ကဆီကိုနိုင်ငံ ကယ်လီဖိုးနီးယားပင်လယ်ကွေ့တွင် ကျက်စားသော ပင်လယ်နို့တိုက်သတ္တဝါ ဗာကီတာများ မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၅

မက္ကဆီကိုနိုင်ငံ ကယ်လီဖိုးနီးယား ပင်လယ်ကွေ့မြောက်ပိုင်းတွင်သာ ကျက်စားသော ပင်လယ်နို့တိုက်သတ္တဝါဗာကီတာများ မျိုးသုဉ်း ပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (IUCN) က ထုတ်ပြန်ထားသည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဗာကီတာသည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့် ပင်လယ်နို့တိုက်သတ္တဝါမျိုးစိတ် တစ်မျိုးဖြစ်ပြီး လင်းပိုင်နှင့် ဆင်တူသော်လည်း ပိုမိုသေးငယ်သော ကိုယ်ခန္ဓာရှိပြီး ၎င်းကို မက္ကဆီကိုနိုင်ငံ ကယ်လီဖိုးနီးယား ပင်လယ်ကွေ့မြောက်ပိုင်း ဒေသတွင်သာ တွေ့ရှိနိုင်ပြီး အဆိုပါဗာကီတာများသည် တရားမဝင် ငါးဖမ်းမှုများကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် ကမ္ဘာ့သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (IUCN)က မျိုးသုဉ်းရန် အလွန်အမင်းအန္တရာယ်ရှိသည့် မျိုးစိတ်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ဗာကီတာမျိုးစိတ်၏ ကောင်ရေသည် ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် ကောင်ရေ ၆၀၀ ခန့်၊ ၁၉၉၇ ခုနှစ်တွင် ၅၆၇ ကောင်ခန့်၊ ၂၀၁၆ ခုနှစ်တွင် ကောင်ရေ ၃၀ ခန့်မှ လက်ရှိတွင် ကောင်ရေ ခုနစ်ကောင်မှ ၁၀ ကောင်ခန့်သာကျန်ရှိတော့ကြောင်း သိရသည်။

ဗာကီတာမျိုးစိတ် ကောင်ရေလျော့နည်းလာရသည့် အဓိကအကြောင်းရင်းမှာ ငါးဖမ်းပိုက်များအတွင်း မတော်တဆ ငြိတွယ်မိခြင်း၊ တရားမဝင် မှောင်ခိုဖမ်းခြင်း၊ အလွန်အကျွံ ဖမ်းခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် မက္ကဆီကိုအစိုးရသည် ပင်လယ်နို့တိုက်သတ္တဝါ ဗာကီတာမျိုးစိတ် ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအာရုံစိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တောင်အာဖရိကနိုင်ငံ ဂေါတန်းမြို့တွင် ဒီဇင်ဘာလ၌ စံချိန်တင်အပူချိန်မြင့်တက်မည်ဖြစ်ကြောင်း ထုတ်ပြန်

ပရီတိုးရီးယား အောက်တိုဘာ ၂၅

တောင်အာဖရိကနိုင်ငံ ဂေါတန်းမြို့တွင် ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်နေပြီး ဒီဇင်ဘာလ၌ စံချိန်တင် အပူချိန်မြင့်တက်မည်ဖြစ်ကြောင်း တောင်အာဖရိက မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အအေးဓာတ် မြင့်မားလေ့ရှိသော ဒီဇင်ဘာလတွင် အပူချိန်မှာ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပြီး ၎င်းပမာဏမှာ ဒီဇင်ဘာလတွင် စံချိန်တင် အပူချိန်မြင့်တက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ဂေါတန်းမြို့အပြင် ဂျိုဟန်နက်စ်ဘတ်မြို့တွင်လည်း အပူချိန်မြင့်တက်မည်ဖြစ်ပြီး ဂျိုဟန်နက်စ်ဘတ်မြို့တွင် အမြင့်ဆုံး ခန့်မှန်းအပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ် ဖြစ်နိုင်သည်ဟု တောင်အာဖရိက မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလမှာ ပုံမှန်မဟုတ်တဲ့ ရာသီဥတုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ စံချိန်တင်အပူချိန် မြင့်တက်မှုတွေ ဖြစ်ပေါ်နိုင်ပြီးတော့ အမြင့်ဆုံးအပူချိန်ဟာ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပါတယ်။ ဒီဇင်ဘာလမှာ အမြင့်ဆုံး အပူချိန်ပမာဏတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ဂေါတန်းမြို့မှာ အမြင့်ဆုံးအပူချိန် ဖြစ်ပေါ်နိုင်ပြီးတော့ ဂျိုဟန်နက်စ်ဘတ်မြို့မှာလဲ အမြင့်ဆုံးအပူချိန်ဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ပါတယ်။ အအေးဓာတ်မြင့်မားလေ့ရှိတဲ့ ဒီဇင်ဘာလမှာ အပူချိန်မြင့်တက်လာနိုင်တဲ့ လက္ခဏာတွေဟာ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာတယ် ဆိုတာကို သက်သေပြနေပါတယ်"ဟု တောင်အာဖရိက မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကောင်းမှုစုံမြတ်နိုးပျော်မွေ့ သီတင်းကျွတ်လပြည့်

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိခြင်းနှင့်အတူ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်အခမ်းအနားများကိုလည်း စည်ကားများပြားစွာ ကုသိုလ်ယူကျင်းပလျက်ရှိသည်။ သီတင်းကျွတ်လသည် မြန်မာဆယ့်နှစ်လတွင် သတ္တမမြောက်လဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားဟောကြားသည့် နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့အဖြစ် ဒေသတိုင်းရှိ ဘုရားစေတီများတွင် ဘုရားရှင်အား ရည်မှန်းလျက် ဘုရားဖူးခြင်း၊ လှူဒါန်းခြင်း စသည်ကောင်းမှုများပြုကြသည်။ ထို့နေ့တွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘများကို ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလဘာဝနာပွားများခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ ငှက် စသည့်တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းများကို ပြုမူဆောင်ရွက်ကြသည်။

သီတင်းကျွတ်လပြည့်ကဲ့သို့ အခါကြီး၊ ရက်ကြီးများတွင် နေပြည်တော်ရှိ ကမ္ဘာပေါ်၌ ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ထိုင်တော်မူ မာရဝိဇယဗုဒ္ဓကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဖွားပွင့်ဟောစံ သံဝေဇနိယလေးဌာနအပါအဝင် ဘုရားပုထိုးစေတီများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ သံဃာတော်များ၊ သီလရှင်များ၊ ပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသည့် မြင်ကွင်းမှာ ကမ္ဘာတွင် မြန်မာ၌သာ မြင်တွေ့နိုင်သောမြင်ကွင်းများဖြစ်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများပြည့်စုံသကဲ့သို့ ကုသိုလ်ကောင်းမှုများနှင့်လည်း ထုံမွမ်းလျက်ရှိသည်။ ယခုအခါ သီတင်းကျွတ်လပြည့်နေ့ကို ရောက်ရှိပြီဖြစ်သည့်အတွက် ဘုရားများ၊ စေတီများတွင် ကုသိုလ်ယူကြသူများ၊ မိဘဆရာသမားများ၊ သက်ကြီးသူများကို ရိုသေလေးစားစွာဂါရဝပြုသူများ များပြားလှသည်။ သီတင်းကျွတ်လသည် မိုးလေကင်းစင်ကာ ဆောင်းကာလသို့ ဝင်ပြီဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်သည် လှပနေသကဲ့သို့ ဆီမီးရောင်ရှိန်ထိန်ထိန်လင်းအောင် ထွန်းညှိပူဇော်ထားသည့် ရောင်စုံမီးအလှများကလည်း စိတ်နှလုံးတွင်ရွှင်ပြုံးကြည်နူးဖွယ်ရာဖြစ်သည်။

သီတင်းကျွတ်လသည် ယဉ်ကျေးမှုဓလေ့အစဉ်အလာများဖြင့်သာ လေးနက်လှသည်သာမက သဘာဝပတ်ဝန်းကျင်ကလည်း သာယာတင့်မောဖွယ်ကောင်းလှသည်။ ကြည်လင်သန့်ရှင်းသော ရေပြင်တွင် ကုမုဒြာ၊ ကြာပုဏ္ဍရိတ်၊ ပဒုမ္မာကြာ၊ ကြာနီ၊ ကြာညို စသောကြာမျိုး ငါးပါးကလည်း ပွင့်လန်းလျက်ရှိသည်။ ထို့ကြောင့် စာဆိုတော်ဖိုးသူတော်ဦးမင်းက "ကြာငါးမည် ကြိုင်သင်း၊ လျှံဝင်းလို့ ပြောင်ထိန်၊ ဆီမီးမြင်းမိုရ်ပွဲ၊ နွဲကြခါချိန်၊ ရှိခိုးငယ်နိမ်၊ သုံးကြိမ်ကွဲ့ရိုပျောင်း၊ သက္ကစ္စဂါရဝနဲ့၊ စဉ်အလာပူဇော်ပွဲကို၊ နွဲကြပေတောင်း"ဟု ရေးသားဖွဲ့ဆိုထားသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် သီတင်းကျွတ်လတွင် ဆီမီးထွန်းပွဲတော်ကို ကျင်းပလေ့ရှိသည်။ ဆီမီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲဟုလည်း ခေါ်ဆိုကြသည်။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုလည်း သတ်မှတ်ကြသည်။ ထို့နေ့တွင် ရဟန်းတော်များကလည်း ပဝါရဏာပြုပွဲများကျင်းပသည်။ ပဝါရဏာ၏ အဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဖြစ်သည်။ ပဝါရဏာပြုရာတွင် ထေစဉ်ဝါစဉ်ရှိသောရဟန်းသံဃာများကို ပင့်ဖိတ်ရသည်။ သိက္ခာတော်၊ ဝါတော်အကြီးဆုံးရဟန်းတော်က လက်ဝဲပခုံးထက်တွင် ဧကသီကိုယ်ရုံသင်္ကန်းကိုတင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် "တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကိုမြင်သော်လည်း



ကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုသတိပေးပါ။ အပြစ်ကို ရှုစား၍ ကုစားပါမည်" ဟု သုံးကြိမ်တိုင်တိုင်တိုက်တွန်းသည်။ ကျန်သံဃာတော်များက သာခုသုံးကြိမ်ခေါ်ဆိုရသည်။ ဤသို့ဖြင့်အမှားရှိက ဆေးကြောနိုင်သည်မှာ သီတင်းကျွတ်လပင်ဖြစ်သည်။

"အသက်ဂုဏ်ဝါကိုယ့်ထက်ကြီးက ဆည်းကပ်ခစားရိုသေလေ"ဟူသော ဂါရဝေါစ၊ နိဝါတောစ မင်္ဂလာနှင့်အညီ ရိုသေလေးစားစွာကန်တော့ကြသည်မှာ အစဉ်အလာယဉ်ကျေးမှုပင်ဖြစ်သည်။ တပည့်သားမြေးတို့က မိဘဘိုးဘွားဆရာသမားတို့ကို ကန်တော့ကြခြင်းမှာ အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည်။ အတ္တမာနကိုနှိမ့်ချကာ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားကြသည်မှာ ချစ်စရာကောင်းပြီး မြတ်နိုးလေးစားဖွယ်ရာလည်းဖြစ်သည်။ ရိုသေထိုက်သူကို ရိုသေစွာကန်တော့ခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စသည့်ကောင်းကျိုးများ တိုးပွားစေသည်။

လပြည့်ညတွင် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ကုသိုလ်လည်းယူပျော်အတူနှင့် ဆိုသကဲ့သို့ အားလုံးက ပျော်ရွှင်ချမ်းမြေ့ကြသည်။ ဆီမီးထွန်းညှိပူဇော်ခြင်းမှာ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်တွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားတော်ဟောကြားပြီး လူ့ပြည်ရှိ သင်္ကဿနဂိုရ်ပြည်သို့ ကြွချီဆင်းသက်သည်ကို ရည်မှန်းပူဇော်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို ကျေးဇူးဆပ်သောအားဖြင့် ဝါတွင်းကာလတွင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွတော်မူခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့၌ မြတ်စွာဘုရားသည် သိကြားမင်းအား "ဒါယကာ သိကြားမင်း ...ငါဘုရားသည် လူ့ပြည်ခရီးသို့ပြန်ကြွပေတော့အံ့" ဟူ၍ မိန့်ကြားတော်မူသည်။ ဤတွင် သိကြားမင်းက မြင်းမိုရ်တောင်ထိပ်မှသည် သင်္ကဿနဂိုရ်ပြည်သို့ တိုင်အောင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြား စောင်းတန်း စောင်းတန်းသုံးသွယ် လှူဒါန်းတော်မူသည်။ ၎င်းစောင်းတန်းသုံးသွယ်၏ အခြေသည် သင်္ကဿနဂိုရ်မြို့တံခါးတွင် တည်ကုန်သည်။ စောင်းတန်းဦးမှာ မြင်းမိုရ်တောင်ထိပ်၌ တည်သည်။ ၎င်းစောင်းတန်း သုံးသွယ်အနက် လက်ယာဘက်က ရွှေစောင်းတန်းတွင် ဗြဟ္မာများ၊ လက်ဝဲဘက် ငွေစောင်းတန်းတွင် နတ်များ၊ အလယ်ပတ္တမြား စောင်းတန်းတွင် မြတ်စွာဘုရားဆင်းသက်တော်မူသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်မည့်အခါ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူကာ ရေမီးစုံစုံတန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး အထက်ကောင်းကင်သို့ ကြည့်တော်မူလျှင် ဗြဟ္မာ့ပြည်အောက်အရပ်ကို ကြည့်တော်မူလျှင် အဝီစိငရဲတိုင်အောင်သောအရပ်တို့တွင် အဆီးအတားမရှိ ဟင်းလင်းဖြစ်၍သွား၏။ ထို့နောက် ထောင့်အရပ်တို့ကို ကြည့်တော်မူလျှင် ပတ်ဝန်းကျင် စကြဝဠာတိုက်ပေါင်း ထောင်ပေါင်းများစွာကို အဆီးအတားမရှိ ဟင်းလင်းဖြစ်ကြကုန်၏။ နတ်ဗြဟ္မာတို့က လူတို့ကိုမြင်ရ၏။ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရ၏။

သင်္ကဿနဂိုရ်ပြည်ရှိ ဘုရင်နှင့် တိုင်းသူပြည်သားအပေါင်းကလည်း ဆီမီးရောင်ရှိန်ထွန်းညှိကာ ပူဇော်ပြီး မြတ်စွာဘုရားကို ကြိုဆိုကြသည်။ မြတ်စွာဘုရားသည် လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင် ဘုရားရှင်ကို တပည့်ရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးပူဇော်သည်။

ရှင်သာရိပုတ္တရာအမှူးရှိသော လူနတ်ဗြဟ္မာသတ္တဝါမျိုးစုံပါဝင်သည့် ပရိသတ်အပေါင်းတို့က ဘုရားရှင်အား သောင်းသောင်းဖြဖြပူဇော်ပွဲကြီးကို ဆင်ယင်ကြသည်။ မြန်မာနိုင်ငံသို့ သာသနာတော်ရောက်လာချိန်တွင် ၎င်းပူဇော်ပွဲကြီးကို အစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ်ဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်ကို ရည်မှန်းကာ မီးရှူး၊ မီးပန်း၊ မီးပုံး၊ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်မှုပြုခြင်းဖြစ်သည်။

ဤအစဉ်အလာမှ စတင်ကာသီတင်းကျွတ်လတွင် ဆီမီးထွန်းညှိပူဇော်ခြင်းဖြစ်သည်။ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့်အတူပင် မီးပုံးပျံများလည်း လွှတ်တင်လေ့ရှိကြသည်မှာ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ရည်စူးပူဇော်ခြင်းဓလေ့လည်းဖြစ်သည်။ စူဠာမဏိစေတီတော်မှာ သိကြားမင်း တည်ထားသည့် စေတီဖြစ်သည်။ သိဒ္ဒတ္တမင်းသားတောထွက်တော်မူသောအခါ အနော်မာသောင်ကမ်းတွင်ဆံတော်ကို ပယ်တော်မူသည်။ အဆိုပါရိတ်ပယ်တော်မူသောဆံတော်တို့ကို အဓိဋ္ဌာန်ပြုကာ ထက်ကောင်းကင်သို့ မြှောက်တင်လိုက်သည်ကို သိကြားမင်းက ရွှေပန်တောင်းဖြင့် ခံယူထားကာ ထိုဆံတော်ကိုဌာပနာ၍ စူဠာမဏိစေတီတော်အဖြစ် တည်ထားကိုးကွယ်တော်မူခဲ့သည်။ မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့ကို ဘုရားဆုပန်နေ့ဟု ခေါ်နိုင်ကြောင်း သိရှိရသည်။ တာဝတိံသာမှ ဆင်းသက်လာသောအခါ မြတ်စွာဘုရားကိုယ်တော်တိုင် ပတ္တမြား စောင်းတန်းဖြင့်ဆင်း၍ နတ်ဗြဟ္မာတို့ ခြံရံလိုက်ပါလာလေသည်။ ထိုသို့ နတ်ဗြဟ္မာတို့ ခြံရံလိုက်ပါလာ၍ သက်ဆင်းတော်မူလာသည့် မြတ်စွာဘုရား၏ တင့်တယ်သောအသရေတော်ကို ၃၆ ယူဇနာအတွင်း၌ ရှိသောပရိသတ်အားလုံး ဖူးမြင်ကြရသည်။

အနှစ်ချုပ်ဆိုရသော် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းတော်များဝါမှ ထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားသခင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာပြီးဆုံးသော(အဘိဓမ္မာအခါတော်)နေ့၊ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာနတ်လူသုံးပုံသူတို့ မြတ်စွာဘုရားအား အတူတကွကြည်ဖြူကော်ရော်ပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာ တစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသောဂုဏ်ထူးဝိသေသအထူးထူးနှင့် ပြည့်စုံသောနေ့ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– ဇိနတ္ထပကာသနီ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# FRENZO Production က ရိုက်ကူးထုတ်လုပ်မည့် ချယ်ရီပျိုးတဲ့ဆောင်းရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲ ပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၂၅**

FRENZO Production က ရိုက်ကူးထုတ်လုပ်မည့် ချယ်ရီပျိုးတဲ့ဆောင်း ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ Pan Pacific Hotel ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်ထံမှ သိရသည်။

ချယ်ရီပျိုးတဲ့ဆောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ကောင်းဇံက FRENZO Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘယ်နိုင်ငံဘယ်လောက်လှလှ ကိုယ့်ရဲ့ရှမ်းပြည်နယ် တောင်ကြီးကသာလျှင် အလှဆုံးလို့ခံယူထားတဲ့သူဆိုတော့ ဒီလိုမျိုးကိုယ့်ရဲ့ ရှမ်းပြည်နယ် အနှစ်သာရကို ဖော်ထုတ်ပြမဲ့ကားမှာ ပါဝင်ခွင့်ရလို့ အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ မီးပုံးပျံလွှတ်တဲ့ဇာတ်ဝင်ခန်းတွေကို အစစ်အမှန်လိုချင်လို့ မနှစ်က သွားရိုက်ထားပါတယ်။ ဇာတ်ဝင်ခန်းမှာပါဝင်မဲ့ မီးပုံးပျံ ပြိုင်ပွဲအတွက်ကိုလဲ ဒီနှစ်မှာ ဝင်ပြိုင်ပြီးတော့ ရိုက်ကူးမှာဖြစ်ပါတယ်။ တောင်ကြီးမီးပုံးပျံပွဲတော်အကြောင်းကို ပုံဖော်ခွင့်ရတော့မှာမို့ စိတ်လှုပ်ရှားမိတယ်။ ဒီလိုမျိုး စိတ်ကူးယဉ်ခဲ့တာ ၁၀ နှစ်ရှိပါပြီ" ဟု သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

ချယ်ရီပျိုးတဲ့ဆောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွင်မိုး၊ စိုင်းစိုင်းခမ်းလိုင်၊ စိုင်းစည်တွမ်ခမ်း၊ စိုင်းဘိုဘို၊ ဝင်းခန့်မိုး၊ မျိုးသန္တာထွန်း၊ နော်ဖောအယ်ထား၊ ယွန်းဝတီလွင်မိုး၊ မြတ်ရတနာကျော်နှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# မော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မတန်မရာရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မတန်မရာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ မင်းဆက်သစ်ထံမှ သိရသည်။

အဆိုပါ မတန်မရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မင်းဆက်သစ်က မော် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူတွေဟာ ကိုယ်နဲ့ထိုက်တန်တဲ့အရာတွေကိုပဲ မျှော်လင့်သင့်တယ်။ ကိုယ်နဲ့ထိုက်တန်မှု မရှိတဲ့ မတန်မရာအရာကို၊ မတန်မရာဘဝကိုမှန်းမိရင် ဘာဖြစ်တတ်လဲဆိုတာကိုအသည်းတယားယား




ရင်တမမနဲ့ ထိုင်ခုံက မထချင်ဘဲ ကြည့်ရှုကြရမဲ့ ရုပ်ရှင်ဇာတ်ကားလို့ပြောချင်ပါတယ်။ မိုးမြင့်စံ ဆိုတဲ့အထက်တန်းလွှာက လှပကျော့ရှင်းပြီး ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်၊ ဘယ်လို မတန်မရာဘဝကို လိုချင်ခဲ့လို့ ဘယ်လိုပြုတ်ကျမလဲ ဆိုတာကို အသည်းတယားယား ရင်တမမ ကြည့်ရှုကြရမှာပဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

မတန်မရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ချာလီငြိမ်း၊ ဖွေးဖွေး၊ ခင်ဇာခြည်ကျော်၊ ဝင်းသပြေထွန်း၊ အဒီရာဦး၊ Cruella နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# အိပ်မက်ငိုတော - Crying Forest ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၅**

အိပ်မက်ငိုတော – Crying Forest ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၂၈ ရက်မှစတင်ကာ MRTV–4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သရုပ်ဆောင် အောင်မင်းခန့်က ပြောပြ၍ သိရသည်။

အိပ်မက်ငိုတော – Crying Forest ရုပ်သံဇာတ်လမ်းတွဲကို CANAL+ Myanmar Production နှင့် Taurus V Production တို့ ပူးပေါင်းရိုက်ကူးထားခြင်းဖြစ်ပြီး အိပ်မက်ငိုတော – Crying Forest ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Sammy Linn၊ Shwe Yan တို့က ရေးသားပြီး ဒီဒီထက်အောင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာကောင်းဇံက CANAL+ Myanmar Production နှင့် Taurus V Production တို့အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကတော့ တောတွင်းခရီးစဉ်တစ်ခုကို သွားကြတဲ့သူငယ်ချင်း ခြောက်ယောက် ကြုံတွေ့ရတဲ့ တောတွင်းအတွေ့အကြုံ သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲတစ်ခုဖြစ်ပါတယ်။ MRTV–4 ရုပ်သံလိုင်းက အောက်တိုဘာ ၂၈ ရက်ကနေ စတင်ထုတ်လွှင့်မှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

အဆိုပါ အိပ်မက်ငိုတော – Crying Forest ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်မင်းခန့်၊ ရှိန်းတင်ထူး၊ သျှင်းမြတ်၊ ရတနာဗို၊ နော်ဖောအယ်ထား၊ ထွဋ်မြတ်ရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သရုပ်ဆောင် အောင်မင်းခန့်ထံမှ သိရသည်။ ASH

# Red Rising သိပ္ပံဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Paramount ကုမ္ပဏီ ပြင်ဆင်နေ

**နယူးယောက် အောက်တိုဘာ ၂၅**

စာရေးဆရာ ပီးရက်ဘရောင်း၏ Red Rising အမည်ရှိ သိပ္ပံဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် Paramount ကုမ္ပဏီက ပြင်ဆင်နေကြောင်း အောက်တိုဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Red Rising ဇာတ်ကားကို ဒါရိုက်တာ ဖရန့်စစ်လောရင့်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျပ်စတင်းရုက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

စာရေးဆရာ ပီးရက်ဘရောင်း၏ Red Rising ဝတ္ထုသည် အင်္ဂါဂြိုဟ်ပေါ်ရှိ သတ္တုတူးဖော်ရေး အလုပ်သမားများက ၎င်းတို့အပေါ် ကျွန်ပြုထားသူများကို တော်လှန်ပုန်ကန်ကြပုံကို ဇာတ်အိမ်ဖွဲ့ ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် အထက်ပါဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရေးအတွက် မူပိုင်ခွင့်ရရှိထားပြီးဖြစ်သည်။

လက်ရှိတွင် Red Rising ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Summoner ဇာတ်ကား၌ ဒန်နီယယ်အင်း၊ စတက်ဖနီဘီးယားထရစ်တို့ ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၅**

Amazon MGM စတူဒီယို၏ Summoner အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား ဒန်နီယယ်အင်းနှင့် မင်းသမီး စတက်ဖနီဘီးယားထရစ်တို့လည်း ပါဝင်လာကြောင်း အောက်တိုဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Summoner ဇာတ်ကား၌ ဒန်နီယယ်အင်းနှင့် စတက်ဖနီဘီးယားထရစ်တို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို Amazon MGMက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Summoner ဇာတ်ကားတွင် ဒန်နီယယ်အင်းနှင့် စတက်ဖနီဘီးယားထရစ်တို့သည် မင်းသား ကီဗင်ဘေကွန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် ကြောက်မက်ဖွယ်မိစ္ဆာတစ်ကောင်နှင့် ရင်ဆိုင်ခဲ့ရသည့်အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျရယ်မီဆလိတ်တာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ၎င်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# President U Min Aung Hlaing, wife Daw Kyu Kyu Hla enjoy events of 27th Traditional Myanmar Cultural Performing Arts Competition





President U Min Aung Hlaing and wife Daw Kyu Kyu Hla watch a men's piano contest at the 27th Traditional Myanmar Cultural Performing Arts Competition.

**Nay Pyi Taw October 25**

President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla watched participation of contestants at the 27th Traditional Myanmar Cultural Performing Arts Competition at Hsinbyushin Hall and Pobbathiri Station Gymnasium in Nay Pyi Taw this afternoon.

Also present at the venues were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, Chairman of the Leading Committee for Organizing the Competition Union Minister for Culture, Hotels and Tourism U Khin Maung Soe, Union ministers, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, members of the panel of judges, supervisors of contending teams, contestants from regions and states, ethnic people, service personnel, staff families and people.

The President, his wife and party viewed participation of contestants from regions and states at the amateur level (second class) men's dancing contest at Hsinbyushin Hall.

At Pobbathiri Station Gymnasium, they watched competition of contestants from regions and states at the amateur level (second class) men's piano contest with the song "Chit-Tha-Hmya-Ko".

After the competition, the President and wife cordially greeted members of the panel of judges, contestants and audiences.

In the evening, the President and wife, together with Vice President U Nyo Saw and wife, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Union-level dignitaries, Union ministers and their wives, and party enjoyed competition of the troupe in the "Vidhura" drama of the Performing Arts Competition at the open-air theatre of the City Hall of the Nay Pyi Taw Development Committee.

The President and wife cordially greeted the maestros who will serve members of the panel of judges to assess the competition of the troupes at the drama contest.

The President and wife together with audiences enjoyed the competition of Thabint Marnhon Shwe Yangon theatrical troupe representing Yangon Region at the Vidhura drama contest. The contestants performed in accordance with the scripts, presenting original theatrical texts, poetic verses, yatu poems and moral teachings, along with graceful movements and dances. Depending on the dramatic highs and lows of each story, they incorporated traditional musical forms, as well as the art of singing through poetic forms, the art of crying to portray sorrow and grief, and the art of speech to captivate the audience. They competed by delivering their lines with proper phrasing and pauses in accordance with the scripts, while preserving traditional Myanmar theatrical conventions and blending them with creative innovations.

The Vidhura Jataka is the ninth of the Ten Great Jataka Tales of the Lord Buddha. The performance was staged with the aims of helping audiences understand the benefits of wisdom grounded in pure and upright moral conduct; learn about, understand, practise and observe the four principles of Sadhunara; recognise and avoid the evils of gambling and its harmful consequences; and cultivate the virtues of the righteous and the seven noble treasures through watching and appreciating the Vidhura Jataka.

The 27th Performing Arts Competition is being held in a grand and dignified manner at designated venues for each competition category. Contestants from regions and states are showcasing their artistic talents and expressing the aesthetic beauty of their performances, while art enthusiasts are also attending to watch and support the events. More than 2,400 contestants from regions and states are taking part in the competition, which will run until 29 October. MNA



President U Min Aung Hlaing cordially greets members of the panel of judges, contestants and audiences.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice President Daw Nan Ni Ni Aye delivers speech at prize-presentation of basic education level (aged 10-15) and (aged 15-20) and higher education level contests of the 27th Performing Arts Competition



Vice President Daw Nan Ni Ni Aye awards a winner.

**Nay Pyi Taw October 25**

Vice President Daw Nan Ni Ni Aye, Patron of the Leading Committee for Organizing the 27th Traditional Myanmar Cultural Performing Arts Competition 2026, delivered a speech and presented prizes to the winners in the basic education level (aged 10-15) and (aged 15-20) and higher education level contests of the competition at the Myanmar International Convention Centre I (MICC I) in Nay Pyi Taw this afternoon.

Also present at the ceremony were Leading Committee Chairman and members who are also Union ministers, the Nay Pyi Taw Council Chair, deputy ministers, regional and state ministers, officials of sub-committees, departmental heads, supervisors, instructors and prize winning national brethren, staff and officials.

First, the Vice President delivered a speech. She said that the ceremony was not merely an occasion to present awards and honour those who had excelled in the competition, but also an event recognising and encouraging the efforts of those who cherish Myanmar's traditional arts and the aspirations of the next generation of artists. It was also expressed that the awards received were not only a recognition of the contestants' innate talents, hard work and perseverance, but would also serve as a motivation for them to continue studying and learning the arts and striving for further improvement. She further noted that success in the arts should not be measured solely by the winning of awards and medals, but also by a profound understanding and mastery of the art form and the ability to make meaningful contributions to society.

She noted that Myanmar is a country rich in the diverse cultural heritage of its ethnic nationalities, and that studying, exploring, sharing and appreciating the traditional singing, dancing, literary and musical arts of the various ethnic nationalities would help strengthen the Union Spirit. It was also noted that art serves as a bridge connecting people's hearts and minds beyond differences in language and region. Finally, it was urged that everyone work together, building on the valuable experiences gained from the competition, to ensure the long-term preservation and development of Myanmar's traditional arts.

The Vice President presented first, second and joint third prizes with medals and certificates of honour to Maung Myo Khant Maung Maung from Yangon Region, Maung Win Nyi Nyi from Kayin State, Maung Myint Thein Oo from Sagaing Region and Maung Phone Myint Myat from Taninthayi Region in the higher education level men's classic song contest and Ma Hay Marn Kyaw from Bago Region, Ma Phyo Zin Mie Kyaw from Yangon Region and Ma Lin Lett Oo from Mandalay Region in the higher education level women's classic song contest.

Union Minister Dr Chaw Chaw Sein gave awards with medals and certificates of honour to first, second and third prize winners in the basic education level (aged 10-15 and 15-20) boys' and girls' classic song contests. Union Minister Dr Soe Win gave medals and certificates of honour to first, second and third prizes to winners in the higher education men's and women's old/modern song contests. Union Minister U Htein Linn awarded medals and certificates of honour to first, second and third winners in the basic education (aged 15-20) boys' and girls' old/modern song contests. Nay Pyi Taw Council Chairman U Kan Myint Than presented medals and certificates of honour to first, second and third prize winners in the basic education level (aged 10-15) boys' and girls' old/modern song contests. Deputy ministers also presented medals and certificates of honour to winners in the basic education level (aged 10-15 and 15-20) and higher education level singing, dancing, song composing and playing music contests, respectively.

The Vice President and other attendees enjoyed a dance performance by artist-staff members of the Department of Fine Arts under the Ministry of Culture, Hotels and Tourism, accompanied by the song "A Hla Wipha Myanmar Yoya" ("The Beauty of Myanmar's Traditional Arts"), after which the ceremony concluded.

It was reported that 86 first prizes, 83 second prizes and 81 third prizes, totalling 250 were presented to winners from regions and states in the basic education level (aged 10-15) and (aged 15-20) and higher education level contests of the 27th Performing Arts Competition.

MNA

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Continued systematic demolition of a 5-story building used for online gambling operations in Shwe Kokko Part-II.



Demolition using heavy machinery.



Completion of demolition.

**Nay Pyi Taw October 25**

The government has placed emphasis on combat against online scams and gambling as a national responsibility and has systematically carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, demolition of two 5-storey illegal buildings out of those to be knocked down with the use of machinery in Shwe Kokko (Part-II) completed up to 90 percent and 60 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled to be demolished with the use of machinery, four were to be detonated and 34 were to be manually pulled down floor by floor due to their proximity to residential buildings. As systematic demolition works continued, four buildings to be detonated and two buildings to be pulled down with the use of machinery have been pulled down and plans are underway to systematically demolish the 57 remaining ones.

In cooperation with regional and neighboring countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

100

# အိန္ဒိယနည်းပညာကုမ္ပဏီက ဂျက်အင်ဂျင်သုံး Nightshade Mk-2 ဒရုန်းကို ထုတ်ဖော်ပြသ



အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ အခြေစိုက် ကာကွယ်ရေးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် Apollyon Dynamics သည် ၎င်း၏ဂျက်အင်ဂျင်သုံး Nightshade Mk-2 ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းသည် ယခုနှစ်အစောပိုင်းက မိတ်ဆက်ခဲ့သော Nightshade မျိုးဆက်၏ နောက်ဆက်တွဲအဖြစ် ကုမ္ပဏီကတီထွင်ထုတ်လုပ်နေသည့် စနစ်သစ်တစ်ခုဖြစ်သည်။

Nightshade Mk-2 ဒရုန်းသစ်သည် ထိပ်ဦးပိုင်းချွန်ထက်ပြီး ကိုယ်ထည် ရှည်လျားသွယ်လျကာ အလိုအလျောက် မောင်းနှင်နိုင်သည့် ဂျက်အင်ဂျင်သုံး ဒရုန်းဖြစ်သည်။ တောင်ပံများမှာ နောက်ဘက်သို့ သိသိသာသာစောင်းထားသည့်ပုံစံဖြစ်ပြီး တောင်ပံနောက်စွန်းတစ်လျှောက်တွင် ထိန်းချုပ်မျက်နှာပြင်များ ပါဝင်သည်။ ကိုယ်ထည်နောက်ပိုင်း အပေါ်ဘက်တွင် တပ်ဆင်ထားသည့် ဂျက်အင်ဂျင်တစ်လုံး ပါရှိပြီး ၎င်း၏နောက်ဘက်တွင်လည်း နောက်သို့စောင်းထားသည့်အမြီးတောင်ပံနှစ်ခုပါသည်။

Apollyon Dynamics ကုမ္ပဏီသည် Nightshade Mk-2 ဒရုန်း၏ စွမ်းဆောင်ရည်ဆိုင်ရာအချက်အလက်များ ဖော်ပြခြင်း မရှိသေးသော်လည်း ယခင်မျိုးဆက် Nightshade ADX-1 ၏ နည်းစနစ်ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ ကုမ္ပဏီက Nightshade ADX-1 ကို ယခုနှစ် ဩဂုတ်လတွင် ဂျက်အင်ဂျင်သုံး တိုက်ခိုက်ရေးဒရုန်းအဖြစ် မိတ်ဆက်ခဲ့သည်။

ကုမ္ပဏီ၏ထုတ်ပြန်ချက်အရ အဆိုပါဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ မှ ၇၀၀ ထိ အမြန်နှုန်းဖြင့်ပျံသန်းနိုင်ပြီး ပေါက်ကွဲစေတတ်သောပစ္စည်း ငါးကီလိုဂရမ်ထိ သယ်ဆောင်နိုင်သည်။ ပျံတက်နိုင်သည့်အချိန် အလေးချိန်မှာ ကီလိုဂရမ် ၇၀ ထိရှိပြီး ရန်သူ့နယ်မြေအတွင်း ကီလိုမီတာ ၁၀၀ ကျော် အကွာရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်ကြောင်း သိရသည်။

Nightshade Mk-2 တွင် GPS အချက်ပြမှုများကို နှောင့်ယှက်ခြင်း သို့မဟုတ် အချက်ပြအတုများဖြင့် လမ်းကြောင်းမှားစေခြင်းတို့ ကြုံတွေ့ရသည့်အခါ၌ပင် ပျံသန်းမှုကို တိကျစွာ ဆက်လက်ထိန်းသိမ်းနိုင်ရန် မြေပြင်အနေအထားကို လိုက်လျောညီထွေထည့်သွင်းတွက်ချက်သည့် ပျံသန်းမှုစနစ်နှင့် တွဲဖက်ထားသော Inertial Navigation System (INS)စနစ်ကို အသုံးပြုထားသည်။

၎င်းဒရုန်းကို ရွေ့လျားနေသောယာဉ်တစ်စီး၏ အမိုးပေါ်မှ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ၎င်းစမ်းသပ်မှုကို အိန္ဒိယနိုင်ငံတွင် ဂျက်အင်ဂျင်သုံးစနစ်အမျိုးအစားအတွက် ပထမဆုံးလုပ်ဆောင်ခဲ့ကြောင်း Apollyon Dynamics ကုမ္ပဏီက ထုတ်ပြန်ထားသည်။ Nightshade Mk-2 ကို လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုများတွင် အသုံးပြုမည့် ပစ်မှတ်ဒရုန်း၊ ရန်သူ့ကာကွယ်ရေးစနစ်များကို အာရုံလွှဲရန်အသုံးပြုမည့် Decoy Drone ပစ်မှတ်အနီးသို့ ပျံသန်းရောက်ရှိပြီး တိုက်ခိုက်သည့် Loitering Munition ဒရုန်းပုံစံ ထုတ်လုပ်ထားသည်။

Nightshade Mk-2 ဒရုန်း ထုတ်ဖော်ပြသခြင်းသည် Apollyon Dynamics ကုမ္ပဏီ၏ ဒရုန်းထုတ်လုပ်မှုဦးတည်ချက် ပြောင်းလဲလာမှုကိုလည်း ဖော်ပြနေသည်။ Apollyon Dynamics ကုမ္ပဏီသည် ပုံမှန်ပန်ကာတပ် ဒရုန်းများ ထုတ်လုပ်မှုကို ရပ်ဆိုင်းကာ ပိုမိုမြန်ဆန်သည့် မောင်းသူမဲ့စနစ်များကို အဓိကထားတီထွင် ထုတ်လုပ်လျက်ရှိသည်။ ထိုသို့ ထုတ်လုပ်မှုတွင် ဂျက်အင်ဂျင်သုံး Nightshade အမျိုးအစားဒရုန်းများအပြင် တစ်နာရီလျှင် ကီလိုမီတာ ၄၉၈ ထိ ပျံသန်းနိုင်သည် Ahuti Mk II ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းနှင့် Project Piranha ဟု အမည်ပေးထားသည့် ရေတပ်သုံး မောင်းသူမဲ့စနစ်တို့လည်း ပါဝင်သည်။ သို့သော် Nightshade Mk-2 ၏ ပထမဆုံးစမ်းသပ်ပျံသန်းမည့်ရက် သို့မဟုတ် အများပြည်သူသို့ တရားဝင်မိတ်ဆက် ပြသမည့်ရက်ကို ကုမ္ပဏီက သတ်မှတ်ထုတ်ပြန်ခြင်း မရှိသေးဘဲ မကြာမီထပ်မံမိတ်ဆက်မည် ဖြစ်ကြောင်း သိရသည်။

**Indian startup shows first look at new jet-powered drone ကို ဘာသာပြန်ဆိုထားပါသည်။**

---

# လစ်သူရေးနီးယားက လေကြောင်းစောင့်ကြည့်ရေးစွမ်းရည်မြှင့်တင်ရန် MRR ရေဒါစနစ်များအသုံးပြုလျက်ရှိ

လစ်သူရေးနီးယားနိုင်ငံသည် လေကြောင်း စောင့်ကြည့်ရေးစွမ်းရည်ကို မြှင့်တင်ရန် အမေရိကန်ထုတ် AN/TPS-77 Multi-Role Radar (MRR) ရေဒါစနစ်များကို စတင်အသုံးပြုလျက်ရှိကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lockheed Martin ကုမ္ပဏီထုတ် အဆိုပါ ရွေ့ပြောင်းသယ်ယူတပ်ဆင်နိုင်သော သုံးဖက်မြင်ရေဒါစနစ်သည် ပစ်မှတ်များ၏တည်နေရာနှင့် ရွေ့လျားမှုဆိုင်ရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ပြီး နေတိုး၏ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းရွေ့ပြောင်းသယ်ယူတပ်ဆင်နိုင်သော သုံးဖက်မြင်ရေဒါစနစ်များသည် ဘောလ်တစ်ဒေသရှိ အိမ်နီးချင်းနိုင်ငံများ၏ လေကြောင်းစောင့်ကြည့်ရေး စွမ်းရည်များနှင့်လည်း အပြန်အလှန် အချက်အလက်မျှဝေခြင်းဖြင့် ဒေသတွင်းလေကြောင်းအခြေအနေကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရေးအထောက်အကူပြုမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်းတန်ဖိုးရှိ နိုင်ငံခြားစစ်ဘက်ပစ္စည်းရောင်းချရေး သဘောတူညီချက်အရ လစ်သူရေးနီးယားနိုင်ငံအတွက် အဆိုပါစနစ်များကို တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ စာချုပ်တွင် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်မှုများ၊ သက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်များ၊ အပိုပစ္စည်းများ၊ စမ်းသပ်မှုများနှင့် တပ်ဆင်ရေးအကူအညီများ ပါဝင်ကြောင်း သိရသည်။

လစ်သူရေးနီးယား ကာကွယ်ရေးဝန်ကြီး Robertas Kaunas က နိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို စဉ်ဆက်မပြတ်နှင့် ဘက်စုံအားဖြည့်တည်ဆောက်လျက်ရှိကြောင်း၊ ရေဒါများကို လစ်သူရေးနီးယားနိုင်ငံသို့ ပို့ဆောင်ပြီးဖြစ်ကာ စစ်ဘက်က တပ်ဆင်အသုံးပြုလျက်ရှိကြောင်း၊ ထို့ပြင် လေကြောင်းခြိမ်းခြောက်မှုများကို ရှာဖွေခွဲခြားသိရှိနိုင်စွမ်းနှင့် တန်ပြန်ချေမှုန်းနိုင်စွမ်းတို့ကို ပိုမိုမြှင့်တင်ရန် ယခုနှစ်အတွင်း ထပ်မံစာချုပ်များချုပ်ဆိုသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။



Lockheed Martin ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ AN/TPS-77 Multi-Role Rader (MRR )ရေဒါစနစ်သည် ၃၆၀ ဒီဂရီ လေကြောင်းစောင့်ကြည့်မှုကို ဆောင်ရွက်နိုင်ပြီး အကွာအဝေး မိုင် ၂၅၀ ခန့်နှင့် အမြင့် မီတာ ၃၀၀၀၀ ထိရှိသော ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။ ထရပ်ကားပေါ်တွင် တပ်ဆင်ရွေ့ပြောင်းနိုင်သည့် ဒီဇိုင်းကြောင့် အရေးကြီးသော လေကြောင်းကဏ္ဍများနှင့် နယ်စပ်ဒေသများကြား ရေဒါစောင့်ကြည့်ရေးနေရာများကို လိုအပ်သလိုပြောင်းရွှေ့နေရာချထားနိုင်သည်။

ရေဒါစနစ်တွင် အသုံးပြုထားသည့် Gallium Nitride (GaN) နည်းပညာသည် အမြင့်ပျံပစ်မှတ်များသာမက ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်စနစ်များကဲ့သို့ အနိမ့်ပျံပစ်မှတ်များကိုပါ ရှာဖွေထောက်လှမ်းရာတွင် အထောက်အကူပြုသည်။ လစ်သူရေးနီးယားနိုင်ငံသည် သက်ဆိုင်ရာစာချုပ်ပါ လုပ်ငန်းများကို ၂၀၂၇ ခုနှစ်အစောပိုင်းထိ ဆက်လက်ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

**Lithuania Deploys US-Made Mobile Radars to Boost NATO Air Dominance ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့အတွက် နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။



"ဒီဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့လ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေတင်ပို့အား ထပ်မံကောင်းလာတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လကထက် စက်တင်ဘာလအတွင်း ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ငါးခေါင်းပွတွေ တင်ပို့အား ကောင်းလာတာကြောင့် ငါးလုပ်ငန်းနယ်ပယ် အသီးသီးကသူတွေ အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဖန်းချောင်းကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းအချိန်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သဖန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**






# ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး



**ပြည် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်လုံးညိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ အဆိုပါကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်လုံးညိုကျေးရွာ၌ လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁ သန်းအသုံးပြု၍ ပြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုထံမှ သိရသည်။

**ကိုညို**







ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲ ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက တီးလုံးတီးကွက်များနှင့် စည်းကိုက်ဝါးကိုက် ခေါင်းခါးခြေလက် ပိုင်နိုင်စွာဖြင့်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၊ မျက်နှာသွင်ပြင်ဟန်ပန်သေသပ်မှုတို့ဖြင့် လည်းကောင်းတစ်ဦးချင်းစီအလိုက် ပါဝင်ယှဉ်ပြိုင်ကပြနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက ချစ်သမျှကို (ပတ်ပျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြိုင်ပွဲအလိုက်

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခြည်ပန်းထောင်ကွန့်စက်နေရုံ"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြို့ညိုစံရာ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်သပြေညာ"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဖြူပြာမူရာ" (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။












"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ညီတော်မင်းနန်"(ဝင်းဦး) သီချင်းဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖန်တီးသူတို့အပြုံးများ" (ဂီတလုလင် မောင်ကိုကို)သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကိုပြသယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်

အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊အဖွဲ့ဝင်များလိုက်ပါ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ယှဉ်ပြိုင်လျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “ဝိဓူရ” ဇာတ်တော်ကြီးကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှဝါရင့်အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပရိသတ်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “သဘင့်မာန်ဟုန် ရွှေရန်ကုန်” ဇာတ်တော်ကြီးအဖွဲ့၏ “ဝိဓူရ” ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏အနိမ့်အမြင့်အလိုက် ရေးရိုးရာပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် “အဆိုပညာ”ရပ်၊ အလွမ်းအဆွေးသရုပ်ဆောင်ရာတွင်အသုံးချသည့် “အငိုပညာ” ရပ်နှင့်နားထောင်ရသူစွဲမက်စေမည့် “အပြောပညာ”ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်းဝါကျအဖြတ်အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်မှုကိုကြည့်ရှုအားပေးကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့်မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကိုကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကို ပွားများနိုင်ကြစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇာတ်တော်ကြီး ပြိုင်ပွဲတွင် အကဲဖြတ် ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှု အားပေးလျက်ရှိကြောင်းနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်းဦးရေ ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

---

ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ်ရတနာ”ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသောသံစဉ်များ၊ စည်းချက်ဝါးချက်ညီညွတ်မျှတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ကြသည်။

နှဲပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သာဆန်းရဂုံဗွေ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ညင်းညင်း” (မွန်)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရေယမုန်”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “နှင်းယွန်းခါဟေမာန်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာတီးမှုတ်ယှဉ်ပြိုင်ကြသည်။







ပလွေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထောင်ရောင်နေ”(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှပြိုင်ပွဲဝင်က “ညဥ့်သုံးယံခါ” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သောင်းသောင်းညံ”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာတီးမှုတ်ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဒီပါအေးမြ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မင်္ဂလာ”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “ပန်းဟောဝန်” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သေနင်္ဂအမည်”(မိုးဘွဲ့ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ပန်းမြိုင်လယ်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ချစ်သမျှကို” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “တောဟောဝန်လယ်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာတီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သိရိဥဿာရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ဝိဓူရ”ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သဘင့်မာန်ဟုန်ရွှေရန်ကုန်ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော အနုပညာ ပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့်သရုပ်ဆောင်ပီပြင်မှုတို့ဖြင့် လည်းကောင်း အနုပညာရသမြောက်စွာယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲများသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး) တို့၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ်အတွက် သာသနတက္ကသိုလဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက အစိုးရ ပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သက္យသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသိုလဓမ္မာစရိယဘွဲ့၊သာသနဓဇ ဓမ္မာစရိယဘွဲ့၊ သက္យသီဟ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ အောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသိုလဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာ၊ အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုစ္ဆာ၊ အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက် ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသိုလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာ တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၅**

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ကို ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့်အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK နှင့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အဖွဲ့များမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာယှဉ်ပြိုင်နိုင်ခဲ့ကြသူများကို ဆုချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားတစ်ခုသာမက မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထားမြတ်နိုးကြသူများ၏ ကြိုးစားအားထုတ်မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိအမှတ်ပြုအားပေးသည့် အခမ်းအနားဖြစ်ကြောင်း၊ ယခုရရှိသည့်ဆုများသည် မိမိတို့၏ ပင်ကိုအရည်အချင်း၊ လေ့ကျင့်အားထုတ်မှုနှင့် ဖွဲ့လုံ့လများကို အသိအမှတ်ပြုမှုတစ်ရပ်ဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာသင်ယူပြီး ပိုမိုတိုးတက်အောင် ကြိုးစားသွားကြရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အနုပညာလောကတွင် အောင်မြင်မှုသည် ဆုတံဆိပ်ရရှိခြင်းတစ်ခုတည်းဖြင့် တိုင်းတာ၍မရဘဲ ပညာရပ်ကို နက်နက်ရှိုင်းရှိုင်းနားလည်တတ်မြောက်မှုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်မှုတို့ဖြင့် တိုင်းတာကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာအနုပညာများကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်မျှဝေခြင်းနှင့် တန်ဖိုးထားလေးစားခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်ကိုခိုင်မာစေရန် အထောက်အကူပြုကြောင်း၊ အနုပညာသည် ဘာသာစကားနှင့် ဒေသကွာခြားမှုများကိုကျော်လွန်ပြီး လူတို့၏စိတ်နှလုံးကိုဆက်သွယ်ပေးနိုင်သည့် တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကရရှိသည့် အတွေ့အကြုံကောင်းများကို အခြေခံပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အဆိုမဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်မောင်မောင်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်ဝင်းညီညီ၊ ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်သိန်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဖုန်းမြင့်မြတ်တို့ကိုလည်းကောင်း၊ အဆိုမဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှမဟေမာန်ကျော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဖြိုးဇင်မီကျော်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဆိုမဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဆို ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အဆိုခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဆိုခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများက အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့်များတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ပထမဆု ၈၆ ဆု၊ ဒုတိယဆု ၈၃ ဆုနှင့် တတိယဆု ၈၁ ဆု စုစုပေါင်း ဆု ၂၅၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ ပဉ္စမနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ





































# သန်လျင်မြို့ရှိ ပရိဘောဂစက်ရုံများနှင့် ခဲမဖြူသတ္တုသန့်စင်စက်ရုံကို ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

သန်လျင်မြို့ရှိ အမှတ်(၁)ပရိဘောဂစက်ရုံနှင့် အမှတ်(၂)ပရိဘောဂစက်ရုံတို့၌ သစ်အချောထည် ပရိဘောဂပစ္စည်းများ ထုတ်လုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်နေမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးနှင့်အတူ သန်လျင်မြို့ရှိ အမှတ်(၃) ပရိဘောဂစက်ရုံသို့ရောက်ရှိပြီး တာဝန်ရှိသူများက ပရိဘောဂစက်ရုံများမှ ကုန်ချောများ ထုတ်လုပ်မှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမှတ်(၁)ပရိဘောဂစက်ရုံနှင့် အမှတ်(၂)ပရိဘောဂစက်ရုံရှိ သစ်အချောထည် ပရိဘောဂများထုတ်လုပ်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သစ်အချောထည်များထုတ်လုပ်ရာတွင် သစ်အလေအလွင့် အနည်းဆုံးနှင့် လက်ရာသေသပ် ကောင်းမွန်စေရေး ထုတ်လုပ်သွားရန် မှာကြားခဲ့သည်။

ထို့ပြင် ခဲမဖြူသတ္တုသန့်စင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှိဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရှိသားကြိုးစားစွာဖြင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်မှာကြားပြီး စက်ရုံအတွင်း စက်ရုံလည်ပတ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



“သမီးကတော့ ဇမ္ဗူသီရိမြို့နယ် အထက(၇) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ Grade -11 ကျောင်းသူ မယွန်းရွှေရည်လင်း ဖြစ်ပါတယ်။ ဒီစစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခဲ့ရတဲ့အတွက်ကြောင့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေ၊ ရှေးခေတ်ကတည်းက အသုံးပြုခဲ့တဲ့ အရာတွေအားလုံးကိုလဲ ကြည့်ရှုခဲ့ရပါတယ်။ ပြီးတော့ လေယာဉ်၊ ရေယာဉ်တွေရဲ့ ပုံစံငယ်တွေကိုလဲ ပြသထားတဲ့အတွက်ကြောင့် ဒါတွေရဲ့ အသေးစိတ်ကိုလဲ လေ့လာခွင့်ရခဲ့ပါတယ်။ဒီလိုမျိုး စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ပေးခဲ့တဲ့အတွက်ကြောင့် သမီးတို့မှာ ဗဟုသုတတွေ များစွာရရှိတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတွေကိုလဲ သိရှိခွင့်ရတဲ့အတွက်ကြောင့် သမိုင်းတွေနဲ့ပတ်သက်ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းသင့်တဲ့အရာတွေကိုလဲ သိရှိခဲ့ရပါတယ်။ ဒီလိုမျိုး လာရောက်လေ့လာခွင့်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိတဲ့ အကြီးအကဲတွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားချင်ပါတယ်ရှင်”ဟုပြောသည်။

“အခု သမီးတို့က ဒီစစ်သမိုင်းပြတိုက်ကို လာပြီးလေ့လာနေတာပဲ ဖြစ်ပါတယ်။ သမီးတို့ ဒီအဆောင်ထဲကို မဝင်ခင် အပြင်ဘက်မှာ ပြင်ပပြကွက်တွေကိုလဲ လေ့လာခဲ့ရတယ်။ အခု ဒီဘက်အဆောင်ကို



ရောက်တဲ့အချိန်မှာလဲ ကြည်း၊ ရေ၊ လေ ပြကွက်တွေကို ဝင်ရောက်လေ့လာခဲ့ရပါတယ်။ ရုပ်မြင်သံကြားမှာပဲဖြစ်ဖြစ်၊ စာအုပ်ထဲမှာပဲဖြစ်ဖြစ် မြင်နေရတဲ့အရာတွေကို အပြင်မှာ လက်တွေ့မြင်တွေ့ရပြီး ဘယ်နှခုနှစ်မှာ ဘယ်သူက ဒီကို သယ်ဆောင်လာတယ်၊ ပြီးတော့ ဘယ်သူက တီထွင်ပေးခဲ့တယ်ဆိုတာတွေကိုလဲ အသေးစိတ် လေ့လာခဲ့ရပါတယ်”ဟု ပြောသည်။(၅၀၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသား၊ ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းရှိမှု၊ ဖွဲ့လုံ့လနှင့် အသင်းအဖွဲ့စိတ်ဓာတ်များ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ် ကျင်းပသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသည် ကျောင်းသား၊ ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းရှိမှု၊ ဖွဲ့လုံ့လနှင့် အသင်းအဖွဲ့စိတ်ဓာတ်များ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ရှမ်းဇုန်နှင့် ရန်ကုန်ဇုန်တို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးရာ ရှမ်းဇုန်အသင်းက ရန်ကုန်ဇုန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ မွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန် ရှစ်ခုခွဲကာ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘော်လီဘော၊ ဘောလုံးဟူ၍ အားကစားနည်း ခြောက်မျိုးဖြင့် အားကစားသမား ၃၉၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အားကစားနည်းအလိုက် Naypyitaw State Polytechnic University၊ ရွှေကြာပင်အားကစားကွင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)တို့တွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**○ ဆင်အကအလှပြိုင်ပွဲမှ**

အဖွင့်အမှာစကားပြောကြားပြီး ဆင်အဖွဲ့များက အောင်စေပိုင်စေသီချင်း၊ မြန်မာပြည်သားသီချင်းတို့ဖြင့် ကပြဖျော်ဖြေမှုများ၊ ညှော့ခံဆင်ဇော်ဂျီမောင် ဆင်အကအလှဖြင့် ညှော့ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်နှစ်စီး၊ ရိုးရာဆင်ခြောက်စီး၊ ကလေးဆင်သုံးစီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင်သုံးစီး စုစုပေါင်း ၁၄ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဂုဏ်ပြုဆင်၊ သက်ကြီးဆင်၊ ညှော့ခံဆင်၊ ဈေးပတ်ဆင် စုစုပေါင်း ၁၄၂ စီးဖြင့် ပျော်ရွှင်စည်ကားစွာကျင်းပခဲ့ပြီး ပြိုင်ပွဲ အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့ ဆင်ပွဲတော်သည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ (ဆင်ဖြူတော်)ပေါ်သို့ တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့ရာ ပုဂံမြို့၏ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ ရွှေသာလျောင်းတောင်ထိပ်သို့တက်ရောက်ပြီး တောင်ထိပ်တွင် ခေတ္တလဲလျောင်းခဲ့သောကြောင့် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရွှေသာလျောင်းတောင်ထိပ်တွင်စေတီတည်၍ ရွှေသာလျောင်းစေတီတွင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ (ဆင်ဖြူတော်)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော်အမျှပေးဝေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာမှ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ နှစ်ပေါင်း ၉၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။



**မျိုးကျော်**

---

**❑ အားကောင်းသောမုန်တိုင်းငယ်မှ**

မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၁၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၇၀ ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီးအောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း- အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်း ကောင်းရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

---


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


**ထူးခြားသည့် နေ့အပူချိန်များ** (၂၅- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |



**✱ မမြရေလှောင်တမံမှ**

တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၈ ဒသမ ၅၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၆ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၆-၂၀၂၇ ခုနှစ်တွင် လဂွမ်းပြင်ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးလျာထား ၄၈၅၂ ဧကနှင့် အခြားသီးနှံ ၅၂၆ ဧက စုစုပေါင်း ၅၃၇၈ ဧကတို့ကို စိုက်ပျိုးရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် အောက်တိုဘာ ၂၅**

ရေလှောင်တမံ ရေပိုလွှဲများနှင့် ရေအား အဆောက်အအုံများကို စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဇလက်ထော်ရေလှောင်တမံ ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် တမံကြံ့ခိုင်မှုအခြေအနေကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက်တမံတည်ဆောက်စဉ်ကထည့်သွင်းထားရှိသည့် ရေစစ်သဲလွှာနှင့် ရေစစ်ကျောက်ရိုးအထွက် တပ်ဆင်ထားသည့် V-notch ကို အမြဲမပြတ် စစ်ဆေးတိုင်းတာ၍ ရရှိလာသည့် အချက်အလက်များကို စိစစ်ဆောင်ရွက်ကြရန်၊ ထူးခြားချက်တစ်စုံတစ်ရာတွေ့ရှိပါက ချက်ချင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပဲခူးမြို့ရှိ အလိုင်နီရေလှောင်တမံ ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အသေးစိတ်ဆွေးနွေးမှာကြားသည်။

အလိုင်နီရေလှောင်တမံကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လဂွမ်းပြင်ရေလှောင်တမံသို့ ဆက်သွယ်ရေးမြောင်းဖြင့် ရေကူဖြည့်ပေးခြင်း၊ လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ လဂွမ်းပြင်ချောင်းဘေးဝဲယာရှိ ရေကြီးရေနက်ကွင်း ဧရိယာ ဧက ၉၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးခြင်း၊ မိုးစပါးစိုက်ဧက ၂၂၀၀၀ ခန့်ကို ရေတော်မိုးတော်စပါးအဖြစ် တိုးတက်စိုက်ပျိုးနိုင်ခြင်းနှင့် နွေစပါးနှင့် အခြားသီးနှံ ဧက ၁၀၀၀၀ ခန့်ကို လုံလောက်စွာရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လဂွမ်းပြင်ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ကြံ့ခိုင်မှုအခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယခုနှစ် အယ်လ်နီညိုဖြစ်စဉ်ကြောင့် နွေစပါးစိုက်ပျိုးရာသီကာလ စိုက်ပျိုးရေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လဂွမ်းပြင်ရေသန့်စက်ရုံသို့ သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်စေရန်အတွက် လဂွမ်းပြင်ရေလှောင်တမံအတွင်း သိုလှောင်ရေကို နှစ်စဉ်စုဆောင်းသည့် ကန်ရေပြည့်ပမာဏ ဧက ၁၄၈၀၀၀ ထက် ဧကပေ ၇၆၅၀ ပိုမိုသိုလှောင်ထားရှိရန် ရေပိုလွှဲတွင် သဲအိတ်များ နှစ်ပေခန့် ဆင့်ပိတ်ခြင်းစီမံဆောင်ရွက်ထားသောကြောင့် အောက်တိုဘာ ၂၃ ရက်တွင် တမံအတွင်း ဧက ပေ ၁၅၂၈၅၀ သိုလှောင်ပြီးဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် လဂွမ်းပြင်ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးလျာထား ၄၈၅၂ ဧကနှင့် အခြားသီးနှံ ၅၂၆ ဧက စုစုပေါင်း ၅၃၇၈ ဧကတို့ကို စိုက်ပျိုးရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**■ ချန်ပီယံဆုဆွတ်ခူးမှ**

ဟေရန်ရူက ၁၃ ချက်လျှော့ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ် မင်ဆမ်းကင်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် လူရန်ကော့လင်းတို့က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး စပိန်ဂေါက်သီးရိုက်မယ် ကာလိုတာက သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခြင်းဖြစ်သည်။

ရိုချီဒါက “ပြိုင်ပွဲမှာ နောက်ကနေလိုက်ကစားနိုင်ခဲ့တယ်ဆိုပေမယ့် နောက်ဆုံးအကျော့မှာ ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ပြိုင်ပွဲတစ်လျှောက်လုံး ဦးဆောင်နိုင်ခြင်းမရှိခဲ့ပေမယ့် နောက်ဆုံးအကျော့မှာ အများအယွင်းကင်းကင်းကစားနိုင်ခဲ့လို့ အခုလိုဆုဖလားဆွတ်ခူးနိုင်ခဲ့တာပါ”ဟု ပြောကြားသည်။

သို့သော် နောက်ဆုံးအကျော့ပွဲစဉ်များကို ယနေ့တွင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျပန်ဂေါက်သီးရိုက်မယ် ရိုချီဒါ၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဟေရန်ရူနှင့် ဟေဂျင်ရှိုင်တို့က စုစုပေါင်းရိုက်ချက် ၂၇၁ ချက် သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့စီဖြင့် တူညီနေသည့်အတွက် Play off အဆင့် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ပြီးနောက် ရိုချီဒါကအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : LGPA**

**Trs : STA**

**◆ ဆက်လက်ယှဉ်ပြိုင်မှ**

နိုင်ငံအသီးသီးမှ ထိပ်တန်းကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယနေ့ Mixed Doubles ပထမပြိုင်ပွဲ ပွဲစဉ်အဖြစ် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေ(အာနိုး)သည် မလေးရှားအားကစားသမား Hameed နှင့် တွဲဖက်၍ လက်ရှိတွင် ကမ္ဘာ့အဆင့်နံပါတ်(၇)တွင်ရှိသည့် အီရတ်အားကစားသမားများနှင့် ပထမပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လက်ရှိကမ္ဘာ့အဆင့်နံပါတ်(၁)တွင်ရှိသည့် ဟန်ဂေရီအားကစားသမားနှင့် ရိုမေးနီးယား အားကစားသမားအတွဲတို့နှင့် ဒုတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လက်ရှိ ကမ္ဘာ့အဆင့်နံပါတ်(၃)တွင်ရှိသည့် ပိုလန်အသင်းမှ အားကစားသမားများနှင့် တတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

Teqball Tour Si Racha 2026 ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့်ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အားကစားသမား ခင်နှင်းဝေ(အာနိုး)သည် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါကြေညာချက်ပါအချက်အလက်များကိုသေချာစွာဖတ်ရှုပြီး သူနာပြုသိပ္ပံ(နေပြည်တော်) ၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်(**မပျက်မကွက်**) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၀၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၁၁:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ | |
| - ခုံအမှတ်(၁)မှ(၅၈၀)ထိ | ၂-၁၁-၂၀၂၆ |
| - ခုံအမှတ်(၅၈၁)မှ(၁၁၆၀)ထိ | ၃-၁၁-၂၀၂၆ |
| - ခုံအမှတ်(၁၁၆၁)မှ(၁၄၇၂)ထိ | ၄-၁၁-၂၀၂၆ |
| သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ | |
| ခုံအမှတ်(၁)မှ(၂၂၇)ထိ | ၄-၁၁-၂၀၂၆ |

ကျန်းမာရေးဝန်ကြီးဌာန (၂၃-၁၀ -၂၀၂၆)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

❖ **နှစ်သိန်းကျော်လာရောက်မှု**

ယနေ့မှာပင် သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ခရီးသွားဘုရားဖူး လူဦးရေ နှစ်သိန်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။ သီတင်းကျွတ်ကာလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များနှင့်အတူ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ သမိုင်းအထင်ကရ ဘုရားများ၊ သာသနိက အဆောက်အအုံများ၊ သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပသည့် ဘုရားများနှင့် မီးပုံးပျံလွှတ်တင်ရေးကွင်းများတွင် လာရောက်သူများပြားနေပြီး မီးပုံးပျံ တစ်ထောင်လွှတ်တင်ခြင်း၊ ရိုးရာမုန့်အရောင်းဆိုင်များ၊ MSMEs အရောင်းဆိုင်များတွင် ဝယ်ယူသူများပြားခဲ့ကြောင်း၊ အဆိုပါ မီးပုံးပျံလွှတ်တင်ရေးကွင်းသို့ ဒုတိယဝန်ကြီး(ငြိမ်း) မဟာသီရိသုဓမ္မ ဒေါ်နုမြဖေ၊ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က မီးပုံးပျံများ လွှတ်တင်ပေးခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း



# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့ထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြု၍ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးထားမှုကိုတွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# YBS ကြီးအတူစီး၍

## နွေတုံကျော် (မြို့လှ)




တကယ်တော့ စိတ်သွားတိုင်းကိုယ်ပါဖို့ ခက်ခဲသည့်ခရီးကို ဦးခိုင်မင်း မသွားချင်လှ။ သို့သော်လည်း မသွားလျှင် မဖြစ်သည့်ခရီးမို့ ရောက်အောင်လာခဲ့ရပြန်သည်။

ဦးခိုင်မင်း မသွားချင်သည့် မြန်မာနိုင်ငံ၏ မြို့ပြများထဲတွင် ရန်ကုန်မြို့ကြီးက ထိပ်ဆုံးမှာရပ်တည်နေလေသည်။ သို့သော်လည်း ကျန်းမာရေးအရမလာလျှင် မဖြစ်သည်မို့ ဆေးရုံချိန်းရက် လေးလပြည့်သောနေ့တွင် ပြန်လည်ကုသမှုခံယူရန် ရောက်ခဲ့ရပြန်သည်။

"ဒီတိုင်းပဲ အိမ်မှာလေ့ကျင့်ခန်းလုပ်ပါ၊ အလေးအပင်တွေ မ မပါနဲ့၊ ခါးမကုန်းပါနဲ့၊ သောက်ဆေးတွေပုံမှန်သောက်နေပါ၊ လိမ်းဆေးတွေလဲ ပုံမှန်အတိုင်းလိမ်းပေးပါ၊ ဖြစ်ခါစမှာ ဖိထားခဲ့တဲ့ဒဏ်တွေကြောင့် အကြောတွေကထုံကျဉ်နေတာပါ၊ ခွဲစိတ်ကုသတယ်ဆိုပေမဲ့ လုံးဝပျောက်ကင်းဖို့ အချိန်ယူရပါအုံးမယ်"

ဆရာဝန်ညွှန်ကြားချက်တွေက ပထမအကြိမ်ဆေးရုံတက်စဉ်ကတည်းက ကြားသိပြီးသားအရာတွေဖြစ်၏။ သို့သော်လည်း စောဒကတက်လျှင် မကောင်းသည်မို့ "ဟုတ်ကဲ့ပါ"ဟူသော နာခံမှုဖြင့်သာ ဆိတ်ဆိတ်နေလိုက်ရသည်။

ကိုယ်ခံစားနေရသည့်ဝေဒနာအတွက် ဘယ်သူမပြု မိမိမှုသာလျှင်မို့ စိတ်ရှည်ရှည်နှင့်ပဲ ပျောက်ကင်းအောင်စောင့်ဖို့ ဦးခိုင်မင်း အားတင်းထားခဲ့သည်။

ခါးနာသည်ကို အမှုမဲ့အမှတ်မဲ့နေခဲ့ခြင်းရလဒ်ကြောင့် နောက်ဆုံးတွင် ခါးဆစ်ရိုးကျွံသည်ဟူသော အဖြေကိုရရှိတော့မှ မဖြစ်မနေခွဲစိတ် ကုသခဲ့ရသည် မဟုတ်ပါလားလေ။

"လမ်းနောက်ပြန်လျှောက်၊ သဘော်ရွက်ခါးမှာကပ်ပေး၊ အိုးမှုတ်ခွက်နင်း၊ ရေကူးကြည့်ပါ" စသော မိတ်ဆွေပေါင်းစုံဆီမှ မြန်မာ့နည်း၊ မြန်မာ့ဟန်ဆေးကုသနည်းတွေကလည်း ဦးခိုင်မင်း၏ ခါးနာဝေဒနာကို ပျောက်အောင်မကုနိုင်ခဲ့ပေ။ ခါးနာတာကို အများနည်းတူ သာမန်ရောဂါဟုပဲထင်ခဲ့မိသည်။ နောက်ဆုံး ဖိနပ်မစီးနိုင်၊ လမ်းမလျှောက်နိုင်တော့မှသာလျှင် ဆေးရုံရောက်ခဲ့ခြင်းဖြစ်၏။

"ခါတ်ခွဲခန်းအဖြေအရ ခါးဆစ်ရိုးနံပါတ် လေးနဲ့ ငါးမှာထိတာပါ၊ ခါးဆစ်ရိုးကျွံနေတယ်၊ ခွဲစိတ်ကုသမှရမယ်"ဟူသည့် နောက်ဆုံး ရောဂါကိုသိမှပဲ မဖြစ်မနေခွဲစိတ်ရတော့သည်။

မိမိနည်းတူ ခံစားနေရသော ဝေဒနာရှင်တွေကို ကြည့်ရတော့လည်း အားရစရာမရှိခဲ့။ အားလုံးက နှစ်ရှည်လများ ခံစားနေရသည်ဟုသာ ဖြေကြသည်။ တူတော်မောင်ကျေးဇူးကြောင့် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှာ တက်ရောက်ကုသခွင့်ရခဲ့သည်။

အပြင်ဆေးရုံတွေမှာသာဆိုလျှင်တော့ ခွဲစိတ်ခန်းတစ်ခါဝင်ဖို့အတွက်ပင် ငွေသားကိုတော်တော် စုရပေဦးမည်။ လိုအပ်သောကုသမှုများခံယူပြီးနောက် ဆရာဝန်ကြီးများ၏ ခွင့်ပြုချက်ဖြင့် ဆေးရုံမှ ပြန်ဆင်းလာခဲ့သည်။

မုံရွာသို့မပြန်ခင် ရန်ကုန်မှာရှိသောမိတ်ဆွေများနှင့်ဆုံချင်စိတ်ပေါ်လာသောကြောင့် YBS ၃၆ ကြီးစီး၍ ခရီးဆက်ခဲ့မိသည်။ ရန်ကုန်မိုးက မိမိလာတိုင်း အငြိုးနှင့်ရွာတတ်လေသလားမသိ။ ယခုလည်း ကားပေါ်စတက်ကတည်းက မိုးကတဖြည်းဖြည်းချင်း ရွာချလာသည်။

နောက်ဆုံးတန်းမှာ ခုံလွတ်တစ်လုံးရှိသောကြောင့် အမြန်ဆုံးသွား၍ နေရာယူလိုက်သည်။ ရန်ကုန်မှာ ဦးခိုင်မင်းမကြိုက်တာတွေများသည်။ ယခုလို ဘတ်စကားတိုးစီးရတာမျိုးလည်းမကြိုက်။ နယ်မှာခရီးသွားရသည့်အရသာနှင့် ရန်ကုန်မှာ လိုင်းကားတိုးစီးရတာခြင်းလည်းကွာခြားသည်။

နယ်မှာ ကားစီးရတာက အသက်ရှုချောင်သည်။ ရန်ကုန်မြို့မှာတော့ ကားစီးရတိုင်း အသက်ရှုကျပ်သည့်အပြင် လုံခြုံမှုမရှိသလိုလည်း ခံစားမိသည်။ ပိုဆိုးသည်ကား လမ်းဘေးပလက်ဖောင်းများနှင့် ကပ်လျက် ဈေးရောင်းချနေသည့် စားသောက်ဆိုင်သေးလေးများပင်ဖြစ်၏။ ရေမြောင်းပေါ်ကျော်ခွပြီး အစားအသောက်ရောင်းနေသည့်ဆိုင်များမှာ ဦးခိုင်မင်းမစားသောက်တတ်။

ပတ်ဝန်းကျင်အနံ့အသက်ဆိုးများကြား စားသောက်တတ်သူမဟုတ်သဖြင့် ဝမ်းရေးအတွက် ဖြေရှင်းဖို့ခက်ရပြန်သည်။ ဆိုင်ကြီးတွေမှာလည်း ထိုင်တတ်သူမဟုတ်သောကြောင့် သန့်သန့်ရှင်းရှင်း ဆိုင်ရှာရသည်က အလုပ်တစ်ခုဖြစ်နေသည်။ မိမိနှင့် ရန်ကုန်က မည်သို့မျှ ပနံသင့်ဖြစ်မှာ မဟုတ်တာ သေချာသည်။

ပုလဲမြို့သစ်၊ ပတ္တမြားမြို့သစ်တို့ကို ကျော်လာပြီး အောင်မင်္ဂလာအဝေးပြေးကားဂိတ်ကို လွန်လာသည်နှင့် ကားကရပ်တန့်မှုပေါင်းစုံနှင့် ကြုံလာခဲ့သည်။ ကားဆရာကလည်း ဂိတ်တိုင်းမှာတက်သည့်ခရီးသည်တိုင်းကို တင်မြဲတင်သည်။ ကားပေါ်မှာ လူဘယ်နှစ်ယောက်ရှိနေပြီလဲ ကြည့်ပုံမရ။ ကျောပိုးအိတ်ပါလာသည့်ခရီးသည်တွေကျတော့လည်း အားလုံးက ရင်ဘတ်မှာလွယ်ထားကြတာကို တွေ့ရသည်။

"နောက်ကျောမှာလွယ်ရင် ပါလာတာလေးတွေ ပြောင်ကုန်မှာပေါ့"ဟူသော အသိတစ်ယောက် ပြောတာကိုသတိရမိသည်။

"ဩော်...မလွယ်ပါလား ရန်ကုန်ရယ်"

ပထမတစ်ခေါက်အတွေ့အကြုံကြောင့် မနက် ၁၀ နာရီမှ ကားစီးခဲ့သည့်တိုင် မီးပွိုင့်အသီးသီးကို ရှောင်လွှဲ၍မရခဲ့။ ကျောင်းတက်ချိန်နှင့် ရုံးသွားချိန် ကားစီးမိပါက မင်္ဂလာဒုံမှသည် ဆူးလေထိ နှစ်နာရီကြာသွားတတ်သည်။ ထို့ကြောင့် ကြားချိန်ကို စီးဖို့စဉ်းစားရသည်။ မြန်မာပလာဇာရှေ့မှတ်တိုင်ရောက်သော် ကားပေါ်မှာ လူအနည်းငယ်ရှင်းစပြုလာသည်။ နေရာလွတ်သွားသောကြောင့် မိမိဘေးသို့ လူငယ်တစ်ဦးဝင်ထိုင်လာ၏။

ကားစထွက်ကတည်းက ဖွင့်လာသော ရုပ်သံလိုင်းကတော့ အကြောင်းအရာတွေ အပ်ကြောင်းထပ်သည်ထိ အဖန်တလဲလဲပြနေဆဲသာဖြစ်၏။ ပြသနေသည်များထဲတွင် ဗဟုသုတရဖွယ် လိုက်နာကျင့်သုံးစရာတို့က အနည်းစုပါရုံမျှသာရှိသည်။ ခရီးသွားပြည်သူများအတွက် အကျိုးရှိစေမည့် ပညာပေးအစီအစဉ်လေးများ လွှင့်ပေးလျှင် ပိုအကျိုးရှိမည်ဟု ဦးခိုင်မင်းစိတ်ထဲတွေးမိသေး၏။

"အဲဒီရောင်းအားအကောင်းဆုံး နံပါတ်သုံးဆိုတဲ့ ဖုန်းက အခုခေတ်စားနေတာလေ၊ ဟိုတစ်လောက မေးလာတာ ခုနစ်သိန်းနှစ်သောင်းပဲရှိတော့တယ်၊ နံပါတ်တစ်ဖုန်းကတော့ ကျွန်တော်တို့နဲ့ အလှမ်းဝေးပါတယ် ဦးလေးရာ"

"ဟိုတစ်လောကပဲ ငါ့တူအသစ်ဝယ်ထားတယ်ဆို၊ မင်းအမေဆီရောက်တော့ ဖုန်းအသစ်ဝယ်ထားတဲ့အကြောင်းပြောပြသေးတယ်"

"အဲဒါ စောစောကပြသွားတဲ့ အဆင့်ခြောက်မှာရှိတဲ့ ဖုန်းလေ၊ လက်ဗွေစနစ်ပါပါတယ်၊ ကင်မရာလဲ ကောင်းတယ် ဦးလေးရ"

"အေးပါကွာ ဦးလေးကတော့ မင်းပြောတဲ့ အဆင့်တွေ သိပ်နားမလည်ပါဘူး၊ ဦးလေးတို့အတွက်တော့ ဖုန်းကဆက်လို့ရတယ်၊ နာရီကြည့်လို့ရတယ်ဆိုရင်ပဲ အဆင်ပြေပါပြီကွာ"

မိမိရှေ့ခုံမှာထိုင်နေသူနှစ်ဦးထံမှ စကားသံများကြောင့် ဦးခိုင်မင်းလည်း အာရုံစူးစိုက်မိလိုက်သည်။ တူအရီးနှစ်ယောက်ဖြစ်ပုံရမည်။ တူဖြစ်သူက ဦးလေးကို ရုပ်သံလိုင်းမှပြသနေသည့် တစ်ပတ်အတွင်း အရောင်းရဆုံး ဖုန်းအမည်တွေကိုပြောပြနေခြင်းဖြစ်သည်။ ဦးခိုင်မင်းလည်း ထိုအစီအစဉ်ကို ကားပေါ်စတက်ကတည်းက ကြည့်ရှုပြီးဖြစ်လေ၏။

ဦးလေးကြီး၏တူဖြစ်သူမှာ အသက် ၂၅ နှစ်ခန့်လောက်သာရှိမည်။ ဦးလေးကြီးက မိမိလိုပဲ နယ်မှတက်လာပုံရသည်။

"ဦးလေးကလဲ ခေတ်နဲ့အမီတော့လိုက်ပါအုံးဗျ"

တူတော်မောင်၏ အားမလိုအားမရလေသံကို ဦးလေးဖြစ်သူကပြုံး၍သာ နားထောင်နေလေသည်။ ထို့နောက် လူငယ်သည် ဖုန်းတစ်လုံးဖြင့် အလုပ်ပြန်စလေ၏။ ဦးခိုင်မင်းကားပေါ်ရောက်ကတည်းက ဖုန်းနှင့် မျက်လုံးမခွာသော ထိုလူငယ်ကို သတိပြုမိခဲ့သည်။ ဦးလေးဖြစ်သူကတော့ ရုပ်သံအစီအစဉ်ကို စိတ်ဝင်တစား ဆက်ကြည့်နေပြန်သည်။

"အဲဒီစာအုပ် သိပ်ကောင်းတယ်ကွ၊ ဦးလေးပြီးခဲ့တဲ့အပတ်က ဖတ်လိုက်ရတယ်"

ဦးလေးဖြစ်သူ၏အပြောကြောင့် လူငယ်ခေါင်းမော့လာသည်။

"ကျွန်တော် မသိဘူး ဦးလေးရ"

တစ်ပတ်အတွင်းအရောင်းရဆုံး စာအုပ် ၁၀ အုပ်စာရင်းကို ရုပ်သံမှာပြသနေခြင်းဖြစ်၏။ အရောင်းရဆုံးစာအုပ်တွေဖြစ်သည်နှင့်အညီ စာအုပ်တွေက အကျိုးပြုစာအုပ်တွေချည်းဖြစ်ကြောင်း ဦးခိုင်မင်း သတိထားမိသည်။

"နံပါတ်နှစ်စာအုပ်ကလဲ ဖတ်ပြီးသူတွေပြောတာတော့ကောင်းတယ်တဲ့၊ ကျန်းမာရေးအထောက်အကူပြုစာအုပ်ပဲ၊ ဦးလေးလဲ မဖတ်ရသေးဘူး"

ရှေ့ခုံမှဦးလေးကြီးပြောသော ထိုစာအုပ်ကိုတော့ ဦးခိုင်မင်းလည်း မဖတ်ရသေးပေ။ ခေါင်းစဉ်သာ ကြားဖူးသေးသည်။

"အဲဒီ နံပါတ်သုံးစာအုပ်ကို ကျွန်တော်သိပ်ကြိုက်တာဗျ"

ဦးခိုင်မင်းဘေးခုံမှ ကောင်ကလေးဆီက မှတ်ချက်ပြုသံထွက်ပေါ်လာသည်။ နာမည်ကြီးစာရေးဆရာမကြီးတစ်ဦး၏ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်ပြီး တော်တော်လေးကောင်းမွန်သောစာအုပ်ဖြစ်၏။ ထိုစာအုပ်သည် ဦးခိုင်မင်း ကြိုက်သော စာအုပ်တစ်အုပ်လည်းဖြစ်သည်။ သုတ၊ ရသမျိုးစုံပေးသော စာအုပ်ဖြစ်၏။ မြန်မာနိုင်ငံအတွင်းဖြစ်ပျက်နေသော လူတန်းစားများ၏ အခြေအနေများအပြင် လူ့သဘောသဘာဝများအကြောင်းကို ရှုထောင့်စုံမှတင်ပြထားသော စာအုပ်ဖြစ်လေသည်။

ဆက်လက်ဖော်ပြပါမည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၉၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၉၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ၉၄၉၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၆၉၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငါးဈေးကွက်တွင် ငါးတန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ငါးတန်များဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးတန်များသည် တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

"ငါးဈေးကွက်ထဲမှာ လတ်တလောအနေနဲ့တော့ ငါးတန်တွေက ဝယ်ယူအားကောင်းနေပါတယ်။ ဈေးနှုန်းအနေနဲ့က ဝယ်ယူတဲ့ပိဿာချိန်နဲ့ ငါးရဲ့လတ်ဆတ်မှုအပေါ်မူတည်ပြီး ပြောင်းလဲတာရှိပါတယ်။ ရေထွက်ကုန်တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အဓိကငါးမွေးမြူရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်။ တစ်ရက်တာရောင်းအားအနေနဲ့ ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိရှိပါတယ်" ဟု မြန်အောင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။



မြန်အောင်မြို့နယ်တွင် အရောင်းအဝယ် ကောင်းနေသည့် ငါးတန်များသည် လတ်ဆတ်မှုနှင့် အရည်အသွေး ကောင်းမွန်မှုရှိကြောင်း၊ အဆိုပါအရောင်းအဝယ်ကောင်းမွန်နေသည့် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၅၀၀၀ ထိ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသက်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့နယ် နားပုံးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးနဲ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားပုံးကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဒေါ်သက်ဝါခိုင်က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော နားပုံးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်ထံမှသိရသည်။

**မောင်ခိုင်**

## မြန်မာ့ရတနာ

\- ခေါင်း-ခါး-ခြေ-လက် ဉာဏ်လေးချက်ဖြင့်
မပျက်ပါဝင် ကကြိုးဆင်
ဒို-ရေ-မီ-ဖာ-ဆို-လာ-တီ-ဒို
သံစဉ်ချိုမြ သင်္ကေတဖြင့်
စာသားပီပြင် တေးသံလွှင်
ကြေး-ကြိုး-သားရေ-လေ-လက်ခုပ်
တီးမှုတ်စုံစွာ တူရိယာဖြင့်
မြိုင်စွာမြူးကြွ စည်းဝါးကျလျက်
မြန်မာ့သံစဉ် ဂန္ထဝင်
သြော်....
ဆို-က-ရေး-တီး ပြိုင်ပွဲကြီးကား
တိုင်းရင်းသားတို့ ရိုးရာစဉ်ဆက်
လက်ဆင့်ကမ်းလျက်
စုစည်းအားပြု ယဉ်ကျေးမှုအမွေ
ရေးရှုဝေစီ မြန်ဌာနီ၏
တိုင်းပြည်လူမျိုး ရတနာတည်း...။ ။

**ရန်ကင်း-ကိုကိုလေး**

(၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုကဗျာ)

# မင်းတုန်းမြို့နယ် မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှု စစ်ဆေး

**မင်းတုန်း အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မင်းရွာကိုင်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ကိုးသန်း၊ စုစုပေါင်း ငွေကျပ် ၂၄ သန်းဖြင့် မြို့နယ်ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဝါပင်အကြွင်းအကျန်များကို စနစ်တကျ စီမံခန့်ခွဲခြင်း

နော်အဲလင်း(စိုက်ပျိုးရေး)

ဝါသီးနှံသည် စက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် ဝါဂွမ်းကိုထုတ်လုပ်ပေးသော အဖိုးတန် စီးပွားဖြစ်သီးနှံတစ်ခုဖြစ်သည်။ ဝါဂွမ်းများကို ဆွတ်ခူးကောက်သိမ်းပြီးနောက် စိုက်ခင်းထဲတွင် ဝါပင်စည်များ၊ အသီးခွံများ၊ အရွက်များနှင့် အမြစ်များအပါအဝင် အပင်အကြွင်းအကျန်အမြောက်အမြားကို ချန်ထားရစ်ခဲ့သည်။ သမားရိုးကျဝါစိုက်ပျိုးရေးစနစ်တွင် နောက်ထပ်စိုက်ပျိုးမည့်သီးနှံများအတွက် မြေပြင်ရန်နှင့် စိုက်ခင်းသန့်ရှင်းစေရန်ရည်ရွယ်၍ ဝါပင်အကြွင်းအကျန်များကို စိုက်ကွင်းထဲ၌ စုပုံမီးရှို့ပစ်လေ့ရှိကြသည်။ မီးရှို့ခြင်းသည် ရေတိုတွင် လယ်ကွင်းရှင်းလင်းရေးနှင့် ဖျက်ပိုးအချို့ကို သေစေနိုင်သော်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေပြီး ဖန်လုံအိမ်ဓာတ်ငွေ့များထွက်ရှိမှုကို ဦးတည်စေသည်။ ရေရှည်တွင် မြေဆီလွှာအတွင်းရှိ အဖိုးတန် အော်ဂဲနစ်ဓာတ်များကိုပြာအဖြစ်ပြောင်းလဲပစ်ကာ မြေဆီလွှာအရည်အသွေးကို အဆိုးရွားဆုံး ပျက်စီးစေပြီး ဓာတ်မြေဩဇာအပေါ် ပိုမိုမှီခိုလာစေသည့် သံသရာစက်ကွင်းကို ဖြစ်ပေါ်စေသည်။ ထို့ပြင် အခြားအကျိုးရှိသော ကဏ္ဍများတွင် အသုံးပြုနိုင်မည့် အဖိုးတန် ဝါပင်အကြွင်းအကျန်ကုန်ကြမ်းများကိုလည်း ဆုံးရှုံးစေလျက်ရှိသည်။ စိုက်ပျိုးရေးသုတေသီ အများအပြား၏ တွေ့ရှိချက်များအရ အပင်အကြွင်းအကျန်များကို မြေထဲသို့ ထည့်သွင်းထွန်မွှေမြှုပ်နှံခြင်းသည် မြေဆီလွှာအရည်အသွေးကို ပိုမိုကောင်းမွန်စေပြီး သီးနှံအထွက်နှုန်းကို မြင့်မားစေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းရာရောက်သည်ဟုဆိုသည်။

ယနေ့ခေတ် ကမ္ဘာ့ဈေးကွက်အပြောင်းအလဲများနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်မားလာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ်စကကြီးမားလာခြင်းတို့ကြောင့် တောင်သူကြီးများအနေဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးလာကာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ဝါပင်အကြွင်းအကျန်များကို စိုက်ပျိုးရေးအတွက် ပြန်လည်အသုံးချနိုင်မည့် ထိရောက်သော စီမံခန့်ခွဲမှုနည်းလမ်းများကို ရှာဖွေလေ့လာ အသုံးချသင့်သည်။ ဝါပင်အကြွင်းအကျန်များကို သဘာဝမြေဆွေးပြုလုပ်ပြီး အသုံးချနိုင်လျှင် ဓာတ်မြေဩဇာစရိတ်ကို သက်သာစေပြီး ဝါအထွက်နှုန်းတိုးကာ ဝင်ငွေလည်းတိုးနိုင်သည်။

**မြေဆီလွှာအာဟာရကုန်ကြမ်း**

နိုင်ငံတကာတွင်မူ ဝါစိုက်ပျိုးသည့် အိန္ဒိယ၊ တရုတ်နှင့် အမေရိကန် စသည့်ခေတ်မီနိုင်ငံကြီးများသည် ဝါပင်အကြွင်းအကျန်များကို စွန့်ပစ်ပစ္စည်း သို့မဟုတ် မီးရှို့ရမည့်အရာဟု မသတ်မှတ်တော့ဘဲ "အဖိုးတန်မြေဆီလွှာအာဟာရကုန်ကြမ်း"အဖြစ် စနစ်တကျ ပြောင်းလဲအသုံးပြုနေကြပြီဖြစ်သည်။ ၎င်းတို့သည် ဝါပင်စည်းစက်များဖြင့် စိုက်ကွင်းထဲမှာပင် အပိုင်းအစငယ်များဖြစ်အောင် စဉ်းပစ်ပြီး မြေထဲသို့ တိုက်ရိုက်ထွန်မွှေမြှုပ်နှံခြင်း၊ သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် ဇီဝမီးသွေးထုတ်လုပ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့် မြေဆီလွှာအာဟာရကို သဘာဝအတိုင်း ပြန်လည်ဖြည့်တင်းနေကြသည်။

မြန်မာနိုင်ငံရှိ ဝါစိုက်တောင်သူကြီးများအနေဖြင့်လည်း ယခုကဲ့သို့ သွင်းအားစုစရိတ် ကြီးမားနေသောကာလတွင် သမားရိုးကျ မီးရှို့ဖျက်ဆီးသည့် အလေ့အထဟောင်းများကို စွန့်လွှတ်ပြီး ခေတ်မီသော ဝါပင်အကြွင်းအကျန် စီမံခန့်ခွဲမှုနည်းပညာသို့ မဖြစ်မနေပြောင်းလဲဆောင်ရွက်သင့်သည်။ ဝါပင်အကြွင်းအကျန်များကို မြေဩဇာအဖြစ် ပြန်လည်အသုံးချခြင်းဖြင့် ဓာတ်မြေဩဇာ ဝယ်ယူရမည့် စရိတ်စကကို သိသိသာသာ လျှော့ချနိုင်ရုံတင်မကဘဲ နောက်ရာသီသီးနှံများအတွက် မြေဆီလွှာ အစိုဓာတ်ထိန်းအားကိုမြင့်မားစေကာ သီးနှံအထွက်နှုန်းကို ပိုမိုခိုင်မာစေသည်။

**ဝါပင်မြေဆွေး၏ အကျိုးကျေးဇူးများ**

ပုံမှန်အားဖြင့် ဝါတစ်ဧကရိတ်သိမ်းပြီးလျှင် အကိုင်းအခက်နှင့်ဝါပင်ခြောက် တစ်တန်မှ ၁ ဒသမ ၅ တန်ခန့်ထွက်ရှိသည်။ ၎င်းဝါပင်အကြွင်းအကျန်တစ်တန်ကို မီးမရှို့ဘဲ စနစ်တကျ မြေဆွေးပြုလုပ်ပါက ၈၀၀ ကီလိုဂရမ်ခန့်ရှိသော သဘာဝမြေဆွေးကို ပြန်လည် ရရှိနိုင်သည်။ ထို့ကြောင့် ဝါတစ်ဧကလျှင် သဘာဝမြေဆွေး ၈၀၀ ကီလိုဂရမ်မှ ၁၂၀၀ ကီလိုဂရမ် (မြေဆွေးအိတ်ကြီး ၁၆ အိတ်မှ ၂၄ အိတ်ခန့်) ထိရရှိနိုင်သည်။ ဝါပင်မြေဆွေးသည် သာမန်နွားချေး၊ ကြက်ချေးတို့ထက် အာဟာရဓာတ်ပါဝင်မှု သုံးဆပိုမိုမြင့်မားပြီး သီးနှံအတွက် မရှိမဖြစ်လိုအပ်သော



ဝါပင်အကြွင်းအကျန်များမှ ပြုလုပ်ထားသည့် ဝါပင်မြေဆွေးကို တွေ့ရစဉ်။

နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်ဓာတ်များ စုံလင်စွာပါဝင်သည်။ ဈေးနှုန်းကြီးမြင့်သော ယူရီးယား၊ တီစူပါနှင့် ပိုတက်ရှ်မြေဩဇာများကို ရာနှုန်းပြည့်ဝယ်ယူသုံးစွဲရသည့် သမားရိုးကျစနစ်နှင့် နှိုင်းယှဉ်ပါက ဝါပင်မြေဆွေးကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာဖိုးကုန်ကျစရိတ်ကို ၃၃ ရာခိုင်နှုန်း(သုံးပုံတစ်ပုံခန့်)ထိ တိုက်ရိုက်လျှော့ချပေးနိုင်သည်။ ထို့ပြင် ဓာတ်မြေဩဇာတစ်ခုတည်း ရေရှည်သုံးစွဲခြင်းသည် မြေကျစ်ခြင်း၊ မြေချဉ်ခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးများကို သေဆုံးစေသော်လည်း ဝါပင်မြေဆွေးကို အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်း အော်ဂဲနစ်ဒြပ်စင်များကိုတိုးပွားစေကာ အစိုဓာတ်ထိန်းအားကို မြင့်မားစေပြီး အပင်၏အမြစ်ဆင်းမှုကို ပိုမိုကောင်းမွန်အောင် အားပေးကူညီသည်။

စိုက်ကွင်းစမ်းသပ်ချက်များအရ ဝါပင်မြေဆွေးကို ဓာတ်မြေဩဇာနှင့် တွဲဖက်သုံးစွဲခြင်းဖြင့် ဝါဂွမ်းအထွက်နှုန်းကို ၁၃ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းထိ ပိုမိုတိုးတက်စေရုံသာမက တစ်ဟက်တာ(၂ ဒသမ ၄ ဧက)လျှင် စိုက်ပျိုးစရိတ် အမေရိကန်ဒေါ်လာ ၃၈ ဒေါ်လာခန့် (မြန်မာငွေကျပ်တစ်သိန်းကျော်)ကို တိုက်ရိုက်သက်သာစေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဝါကောက်သိမ်းပြီးနောက်ကျန်ရစ်ခဲ့သော ဝါပင်အကြွင်းအကျန်များကို မီးရှို့မပစ်ဘဲ သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် ဇီဝမီးသွေးပြုလုပ်ခြင်းတို့ဖြင့် စိုက်ခင်းတွင် ပြန်လည်အသုံးချသင့်သည်။

**ဝါပင်အကြွင်းအကျန်များကို သဘာဝမြေဆွေးပြုလုပ်နည်း**

ဝါပင်များကို သဘာဝအတိုင်းဆွေးမြည့်စေခြင်းသည် မြေဆီလွှာအတွက် အာဟာရဓာတ်စုံလင်သော နည်းလမ်းဖြစ်သည်။ ဝါပင်များကို ဓားဖြင့်ဖြစ်စေ၊ စက်ဖြင့်ဖြစ်စေ တစ်လက်မမှ နှစ်လက်မခန့်အပိုင်းအစငယ်များဖြစ်အောင်စဉ်းပေးပါ။ သေးငယ်လေ ဆွေးမြည့်မှု မြန်ဆန်လေဖြစ်သည်။ မြေကွက်လပ်တစ်ခုတွင် အလျား ၁၀ ပေ၊ အနံငါးပေ၊ အမြင့် သုံးပေခန့်ရှိသော မြေဆွေးပုံကို အလွှာလိုက် ပုံပေးရပါမည်။ ပထမအလွှာအဖြစ် စဉ်းထားသော ဝါပင်အကြွင်းအကျန်များကို ခြောက်လက်မခန့်ခင်းပါ။ ဒုတိယအလွှာအဖြစ် အဏုဇီဝပိုးများ ပွားများဆွေးမြည့်မှုကိုအားပေးရန် နွားချေးသို့မဟုတ် ကြက်ချေးကို နှစ်လက်မခန့် ထပ်ခင်းပါ။ ထိုအလွှာများပေါ်မှ ရေဖျန်းပါ။ ထိုနှစ်လွှာအစီအစဉ်အတိုင်း သုံးပေအမြင့် ရောက်သည်ထိ တစ်ဆင့်ပြီးတစ်ဆင့် ပုံပေးပါ။ အပေါ်ဆုံးမှ ကောက်ရိုး၊ မြေကြီး၊ ဖျာတစ်ခုခုဖြင့် ဖုံးအုပ်ထားပါ။ နှစ်ပတ်လျှင်တစ်ကြိမ် မြေဆွေးပုံကို အပူချိန်လွန်ကဲမှုမရှိစေရန် အဖုံးအကာများကို ၁၅ မိနစ်ခန့်လှုပ်ပေးပါ။ အပေါ်အောက် သမအောင် မွှေနှောက်လှန်ပေးပါက ပိုကောင်းသည်။ သုံးလလေးလခန့်ကြာသည့်အခါ ကောင်းစွာဆွေးမြည့်သော သဘာဝမြေဆွေးကို ရရှိသည်။ သဘာဝမြေဆွေးပြုလုပ်ရာတွင် အီးအမ်ဟုခေါ်သော အကျိုးပြုအဏုဇီဝများနှင့် ထရိုင်ကိုဒါးမားတို့ကို ထည့်ပေးလျှင် မြေဆွေးပုံ ဆွေးမြည့်မှုကို ပိုမိုမြန်စေနိုင်သည်။

**ဝါပင်အကြွင်းအကျန်များကို ဇီဝမီးသွေးပြုလုပ်နည်း**

ဝါပင်များကို မီးလောင်ပြာကျအောင် မရှို့ဘဲ ကာဗွန်ကြွယ်ဝသော မီးသွေးခဲအဖြစ် အောက်ဆီဂျင်မဲ့ ဖုတ်ယူသည့် နည်းပညာဖြစ်ပြီး မြေဆီလွှာကို နှစ်ပေါင်းများစွာ ကောင်းမွန်စေသည်။ ဇီဝမီးသွေးပြုလုပ်ရန် ဒီဇယ်ပေပါကဲ့သို့ သံပုံးကြီးကို အသုံးပြုနိုင်သည်။ ဝါပင်ခြောက်များကို မီးဖိုထဲသို့ထည့်ပြီး အပေါ်မှ မီးစတင်ရှို့ပါ။ အပင်များ စတင်တောက်လောင်ပြီး အပေါ်ယံမျက်နှာပြင်တစ်ခုလုံး ညီညာစွာလောင်ကျွမ်းသွားသည့်အချိန်တွင် အောက်ဆီဂျင်လုံးဝမဝင်နိုင်စေရန် မီးခိုးခေါင်းတိုင်ကို ပိတ်ခြင်းဖြင့် လေဖြတ်တောက်လိုက်ပါ။ မီးဖိုအတွင်းရှိ ကုန်ကြမ်းများသည် မီးဖိုအောက်ခြေရှိ လေပေါက်ငယ်များမှ ဝင်ရောက်လာသော လေ၏အကူအညီဖြင့် ဆက်လက် လောင်ကျွမ်းသွားမည်။ မီးဖိုမှ မီးခိုးအထွက်နည်းသွားသည့်အချိန်တွင် အဖုံးဖွင့်ပြီး ရေဖျန်း၍ မီးငြိမ်းသတ်ပေးရမည်။ ရရှိလာသော ဝါပင်ဇီဝမီးသွေးခဲများကို ချေဖျက်ပြီး သီးသန့်အသုံးပြုခြင်း၊ မြေဆွေး၊ နွားချေးတို့နှင့် ရောစပ်၍အသုံးပြုခြင်းဖြင့် မြေပြင်ချိန်တွင် စိုက်ခင်းမြေထဲ ထည့်သွင်းအသုံးပြုနိုင်သည်။

**ဇီဝမီးသွေးအသုံးပြုခြင်း၏ အကျိုးကျေးဇူးများ**

စိုက်ပျိုးမြေများအတွင်း ဇီဝမီးသွေးထည့်သွင်းအသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်သောကြောင့် တောင်သူများအတွက် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်စေသည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးတွင် သုံးစွဲလေ့ရှိသော ဓာတုသွင်းအားစုများကြောင့် အနီးအနားရှိ ရေထုနှင့်မြေဆီလွှာ ညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်သည့်အပြင် အရည်အသွေးကျဆင်းနေသည့် စိုက်ပျိုးမြေများကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်သည်။ တစ်ချိန်တည်းမှာပင် လေထုထဲမှ ကာဗွန်ဓာတ်များကို မြေဆီလွှာအတွင်းသို့ ရေရှည်စုပ်ယူသိုလှောင်ပေးနိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် ဘက်စုံအကျိုးပြုနည်းလမ်းတစ်ခုဖြစ်သည်။

ထို့ပြင် သီးနှံများအတွက် လိုအပ်သော အစိုဓာတ်ကို ပိုမိုထိန်းညှိပေးနိုင်သည်။ ၎င်းသည် မြေဆီလွှာအတွင်းရှိ ရေပျော်ဝင်အာဟာရဓာတ်များကို အပင်အမြစ်များက လွယ်ကူလျင်မြန်စွာ စုပ်ယူနိုင်အောင် ကူညီပေးသည့်အပြင် အော်ဂဲနစ်ပစ္စည်းများကို ဖြိုခွဲပေးသည့် အကျိုးပြုအဏုဇီဝပိုးများ ပွားများရန်အတွက်လည်း အဆင်ပြေသော မှီတင်းနေထိုင်ရာအရပ်ကို ဖန်တီးပေးသည်။ ထို့ပြင် အပင်၏မြစ်မွှေးများသည် ဇီဝမီးသွေး၏ ဆဲလ်အပေါက်ငယ်များတွင် မြဲမြံစွာ ကုတ်တွယ်နိုင်ခြင်းကြောင့် ရေနှင့်လေကြောင့် ဖြစ်ပေါ်တတ်သော မြေဆီလွှာတိုက်စားဆုံးရှုံးမှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။

ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို လျှောက်လှမ်းရာတွင် ပတ်ဝန်းကျင်ကိုမပျက်စီးစေဘဲ ကုန်ကျစရိတ်သက်သာစေမည့် ဘက်စုံအာဟာရစီမံခန့်ခွဲမှုကဏ္ဍသည် အလွန်ပင် အရေးပါလှသည်။ စွန့်ပစ်ပစ္စည်းမှသည် အဖိုးတန်သွင်းအားစုအဖြစ် ပြောင်းလဲပေးနိုင်သော ဤနည်းပညာများသည် ဝါစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာဖိုးကို သိသိသာသာ လျှော့ချပေးရုံတင်မကဘဲ နောင်လာနောက်သားများအတွက်ပါ အဖိုးတန်သော မြေဆီမြေနှစ်ကောင်းများကို လက်ဆင့်ကမ်းပေးရာရောက်သည်။ သို့ဖြစ်ပါ၍ ခေတ်မီစိုက်ပျိုးရေးအတွေးအခေါ်သစ်များဖြင့် ဝါစိုက်ကွင်းများတွင် နည်းပညာအခြေခံသော စနစ်တကျစီမံခန့်ခွဲမှုကို အရှိန်အဟုန်ဖြင့်တိုးမြှင့်ဆောင်ရွက်သွားကြရမည်။ မျိုး၊ မြေ၊ ရေ၊ နည်းဟူသော စိုက်ပျိုးရေးမဏ္ဍိုင်ကြီးများအနက် မြေဆီလွှာအရည်အသွေးကောင်းမွန်နေခြင်းသည် သီးနှံစုံစိုက်ပျိုးအောင်မြင်မှု၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့် ယခုနှစ် ဝါဆွတ်ခူးပြီးချိန်မှစ၍ ဝါပင်အကြွင်းအကျန်များကိုမီးမရှို့ဘဲ မြေဆွေးနှင့်ဇီဝမီးသွေးအဖြစ် ပြောင်းလဲကာ မိမိတို့၏ မိသားစုဝင်ငွေတိုးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကျိုးရှိရှိ ပူးပေါင်းဖော်ဆောင်သွားကြပါရန် အလေးအနက်တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**


- Ramanjaneyulu et al., 2021. Crop Residue Management in Cotton. Chronicle of Bioresource Management 5(1), 001–008.
- Velmourougane, K., Manikandan, A., Blaise, D. et al. Cotton Stalk Compost as a Substitution to Farmyard Manure Along with Mineral Fertilizers and Microbials Enhanced Bt Cotton Productivity and Fibre Quality in Rainfed Vertisols. Waste Biomass Valor 13, 2847–2860 (2022). https://doi.org/10.1007/s12649-022-01689-x
- ဒေါက်တာခင်ဇာကျော်၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဇီဝမီးသွေး ပြုလုပ်သုံးစွဲနည်း လက်စွဲစာစောင်၊ စိုက်ပျိုးရေးဦးစီးဌာန။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၁၀၀၀၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၁၀၀၀၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၁၀၀၀၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲလွမ်း ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ပဲလွမ်းစိုက်တောင်သူများအနေဖြင့် ပဲလွမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် သရက်သုံးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်သုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက သရက်သုံးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၆ ဒသမ ၈ သန်း၊ ကျေးလက်နေပြည်သူများမှ လုပ်အားထည့်ဝင်ကာ မြို့နယ်ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# လှိုင်းဘွဲ့မြို့နယ် နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၅၅၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နားဒိုက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၅၅၀ ထုတ်ချေးပေးထားကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ဧည့်မထဆန်တွေ ရန်ကုန်ဈေးကွက်ကို အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧည့်မထဆန်တွေ ဝယ်ယူအား ကောင်းလာတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်။ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မချမ်းဘော့မြို့နယ် ဆင်လွမ်ဒမ်း-၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော့ အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်လွမ်ဒမ်း -၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆင်လွမ်ဒမ်း-၂ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆင်လွမ်ဒမ်း -၂ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၃၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၅၅ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၈၅ သိန်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၂၄ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၀၀ ထုတ်ချေးပေးထားကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စာဖတ်သောလူငယ်၊ တိုးတက်သောအနာဂတ်

**ဆုလတ်မေ**

လူငယ်တစ်ဦး၏လက်ထဲတွင် စာအုပ်တစ်အုပ်ရှိနေခြင်းသည် စာအုပ်တစ်အုပ်ကိုင်ထားခြင်းမျှသာ မဟုတ်ပေ။ ထိုစာအုပ်ထဲတွင် မိမိမရောက်ဖူးသေးသော ကမ္ဘာများ၊ မတွေ့ဖူးသေးသောလူများ၊ မစဉ်းစားဖူးသေးသော အတွေးအခေါ်များနှင့် မိမိဘဝကို ပြောင်းလဲပေးနိုင်သည့် အသိပညာများပါဝင်နေသည်။ ယနေ့ခေတ်သည် သတင်းအချက်အလက်များကို အလွယ်တကူရရှိနိုင်သည့် ခေတ်ဖြစ်သည်။ လက်ကိုင်ဖုန်းတစ်လုံးဖြင့် စက္ကန့်ပိုင်းအတွင်း အကြောင်းအရာပေါင်းများစွာကို ရှာဖွေကြည့်ရှုနိုင်သည်။ သို့သော် သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် အသိပညာရှိခြင်းသည် တစ်ခုတည်းမဟုတ်ပေ။ ရရှိလာသောအချက်အလက်များကို နားလည်နိုင်ခြင်း၊ မှန်ကန်မှုကို စိစစ်နိုင်ခြင်း၊ အကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းနှင့် မိမိဘဝတွင် အသုံးချနိုင်ခြင်းတို့လိုအပ်သည်။

ထိုအရည်အချင်းများ တိုးတက်လာစေရန် စာဖတ်ခြင်းသည် အရေးပါသော အခြေခံအလေ့အထတစ်ခုဖြစ်သည်။ "စာတတ်တယ်" ဆိုသည်မှာ စာလုံးများကို ဖတ်နိုင်၊ ရေးနိုင်ခြင်းဖြစ်သော်လည်း "စာဖတ်တတ်တယ်" ဆိုသည်မှာ ထိုထက်ပိုမိုကျယ်ပြန့်သည်။ စာဖတ်စွမ်းရည်ဆိုသည်မှာ စာသားများကို နားလည်ခြင်း၊ အသုံးချခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်စဉ်းစားခြင်းနှင့် ထိုစာသားများမှတစ်ဆင့် အသိပညာနှင့် စွမ်းရည်များ တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်းတို့ပါဝင်သည်။ ဒီဂျစ်တယ်ခေတ်တွင်လည်း အချက်အလက်ရင်းမြစ်များကို နှိုင်းယှဉ်ခြင်း၊ အချက်အလက်နှင့် ကိုယ်ပိုင်အမြင်ကို ခွဲခြားခြင်းတို့သည် စာဖတ်စွမ်းရည်၏ အစိတ်အပိုင်းများဖြစ်လာသည်။

ယနေ့ခေတ်လူငယ်တစ်ဦးအတွက် စာဖတ်ခြင်းဆိုသည်မှာ စာအုပ်တစ်အုပ်ကို အစမှအဆုံးဖတ်ပြီးသွားခြင်းမျှမဟုတ်ဘဲ "ဖတ်-နားလည်-စဉ်းစား-ဆန်းစစ်-အသုံးချ" နိုင်ခြင်းဖြစ်သည်။ စာဖတ်ခြင်း၏ပထမဆုံးအကျိုးကျေးဇူးမှာ အတွေးအခေါ်နယ်ပယ်ကို ကျယ်ပြန့်စေခြင်းဖြစ်သည်။ စာအုပ်တစ်အုပ်ကို ဖတ်လိုက်တိုင်း မိမိမသိသေးသည့် အကြောင်းအရာတစ်ခုကို သိလာနိုင်သည်။ မိမိနှင့်မတူသောဘဝကို နားလည်လာနိုင်သည်။ မိမိနှင့်မတူသောအမြင်ကို ကြားနာလာနိုင်သည်။ ထိုမှတစ်ဆင့် အခြားသူ၏အမြင်ကို လက်ခံနားလည်နိုင်သော စိတ်နေစိတ်ထားလည်း တိုးတက်လာနိုင်သည်။ ဒုတိယအကျိုးကျေးဇူးမှာ ဝေဖန်ပိုင်းခြားနိုင်စွမ်းဖြစ်သည်။ ယနေ့ ဆိုရှယ်မီဒီယာခေတ်တွင် သတင်းမှား၊ ချဲ့ကားဖော်ပြမှု၊ အချက်အလက်မပြည့်စုံသော ရေးသားမှုများကို တွေ့နိုင်သည်။ ထို့ကြောင့် လူငယ်တစ်ဦးအနေဖြင့် "မြင်တာနဲ့ယုံ" မဟုတ်ဘဲ "ဖတ်-စဉ်းစား-စစ်ဆေး-မှန်ကန်မှလက်ခံ"ဆိုသည့် အလေ့အထရှိရန်လိုအပ်သည်။ တတိယအကျိုးကျေးဇူးမှာ မိမိကိုယ်ကို တိုးတက်အောင်လေ့လာနိုင်ခြင်းဖြစ်သည်။ ဆရာတစ်ဦးထံမှ သင်ယူနိုင်သည့်အရာများရှိသကဲ့သို့ စာအုပ်တစ်အုပ်ထံမှလည်း သင်ယူနိုင်သည်။ မိမိစိတ်ဝင်စားသည့်ဘာသာရပ်ကို စာအုပ်များ၊ ဆောင်းပါးများနှင့် ယုံကြည်စိတ်ချရသော ဒီဂျစ်တယ် Content များမှတစ်ဆင့် လေ့လာနိုင်သည်။

❖ ယနေ့ခေတ်လူငယ်တစ်ဦးအတွက် စာဖတ်ခြင်းဆိုသည်မှာ စာအုပ်တစ်အုပ်ကို အစမှအဆုံးဖတ်ပြီး သွားခြင်းမျှမဟုတ်ဘဲ "ဖတ်-နားလည်-စဉ်းစား-ဆန်းစစ်-အသုံးချ" နိုင်ခြင်းဖြစ်သည်။ စာဖတ်ခြင်း၏ပထမဆုံးအကျိုးကျေးဇူးမှာ အတွေးအခေါ်နယ်ပယ်ကို ကျယ်ပြန့်စေခြင်းဖြစ်သည်။ စာအုပ်တစ်အုပ်ကို ဖတ်လိုက်တိုင်း မိမိမသိသေးသည့်အကြောင်းအရာတစ်ခုကို သိလာနိုင်သည်။ မိမိနှင့်မတူသောဘဝကို နားလည်လာနိုင်သည်။ မိမိနှင့်မတူသောအမြင်ကို ကြားနာလာနိုင်သည်။ ထိုမှတစ်ဆင့် အခြားသူ၏အမြင်ကို လက်ခံနားလည်နိုင်သော စိတ်နေစိတ်ထားလည်း တိုးတက်လာနိုင်သည်။ ❖

**စာဖတ်ခြင်းကို ဘယ်လိုအလေ့အထလုပ်မလဲ**

စာဖတ်ခြင်းသည် အလေ့အကျင့်တစ်ခုဖြစ်သည်။ စားခြင်း၊သောက်ခြင်း၊ အိပ်ခြင်းတို့ကို အလေ့အကျင့်ပြုရသကဲ့သို့ စာဖတ်ခြင်းသည်လည်း အလေ့အကျင့်ပြုယူမှုရသည်။ လူအများစုက စာပေဖတ်ရှုခြင်းနှင့်ပတ်သက်၍ အလေ့အကျင့်ပြုမှုရနိုင်သည်ကို သတိမထားမိကြချေ။ ဖတ်ချင်သောအခါ ဖတ်မည်ဟုအထင်ရှိပြီး ဖတ်လိုသောအခါမှ ဖတ်တတ်ကြသည်။ ထိုအခါဖတ်လေ့၊ မှတ်လေ့မရှိသောကြောင့် ဖတ်ရမှတ်ရသည်မှာ အဆင်မပြေဖြစ်နေတတ်သည်။

စာဖတ်သည့်အလေ့အထကို စတင်ရန်စာအုပ်အထူကြီးတစ်အုပ်ကို ချက်ချင်းဖတ်ရန်မလိုပါပေ။ တစ်နေ့ မိနစ် ၂၀ ဖြင့် စတင်နိုင်သည်။ မနက်ခင်းတွင် ၁၀ မိနစ်၊ ညအိပ်ရာမဝင်မီ ၁၀ မိနစ် ဖတ်နိုင်သည်။ တစ်ပတ်လျှင် စာမျက်နှာအနည်းငယ်ဖြင့် စတင်ပြီး တဖြည်းဖြည်းတိုးမြှင့်နိုင်သည်။ အရေးကြီးဆုံးမှာ မိမိစိတ်ဝင်စားသည့် စာအုပ်ကို ရွေးချယ်ရန်ဖြစ်သည်။ ဝတ္ထုဖတ်ချင်သူက ဝတ္ထုဖတ်နိုင်သည်။ သမိုင်းစိတ်ဝင်စားသူက သမိုင်းစာအုပ်ဖတ်နိုင်သည်။ စီးပွားရေးစိတ်ဝင်စားသူက စီးပွားရေးစာအုပ်ဖတ်နိုင်သည်။ မိမိအလုပ်အကိုင်နှင့် ဆက်စပ်သည့်စာအုပ်များကိုလည်း ရွေးချယ်နိုင်သည်။ သမိုင်းကိုမသိလျှင် ဦးခေါင်းမပါသော လူနှင့်တူပြီး ပထဝီကိုမသိလျှင် လက်နှင့်ခြေထောက်မပါသော လူနှင့်တူကာ ဂန္ထဝင်စာပေကိုမသိလျှင် ကိုယ်ခန္ဓာမပါသော အနှစ်မဲ့လူသားတစ်ဦးဖြစ်ပေလိမ့်မည်။ စာဖတ်ပြီးတိုင်း အောက်ပါမေးခွန်းသုံးခုကို မိမိကိုယ်ကို ပြန်မေးကြည့်သင့်သည်-

(၁) ဒီစာအုပ်က ဘာကိုသင်ပေးသလဲ။

(၂) ငါ့အတွေးအခေါ် ဘာပြောင်းလဲသွားသလဲ။

(၃) ဒီအသိပညာကို ဘယ်နေရာမှာ အသုံးချနိုင်မလဲ။

ထိုမေးခွန်းသုံးခုကို ဖြေတတ်လာလျှင် စာဖတ်ခြင်းသည် အလေ့အထတစ်ခုမှ ဘဝတိုးတက်ရေးအတွက် အသိပညာစုဆောင်းသည့် နည်းလမ်းတစ်ခုဖြစ်လာပေလိမ့်မည်။

**လူငယ်နှင့် နိုင်ငံ၏အနာဂတ်**

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်မည့်သူများဖြစ်သည်။ အနာဂတ်တွင် ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများ၊ စာရေးဆရာများ၊ အနုပညာရှင်များနှင့် နည်းပညာရှင်များ ဖြစ်လာကြမည့်သူများသည် ယနေ့လူငယ်များပင်ဖြစ်သည်။ ထိုအနာဂတ်အတွက် နည်းပညာကျွမ်းကျင်မှု၊ အလုပ်အကိုင်ကျွမ်းကျင်မှုတို့အပြင် တွေးခေါ်နိုင်စွမ်း၊ လေ့လာနိုင်စွမ်းနှင့် မှန်ကန်သောအချက်အလက်ကို ခွဲခြားနိုင်စွမ်းလည်း လိုအပ်သည်။ ထို့ကြောင့် လူငယ်များကို စာဖတ်ကြစေရန် တိုက်တွန်းခြင်းသည် အသိပညာရှိသော လူငယ်များ၊ စဉ်းစားတတ်သော လူငယ်များနှင့် မိမိကိုယ်ကိုတိုးတက်အောင် လေ့လာတတ်သော လူငယ်များပေါ်ထွန်းလာစေရန်ဖြစ်သည်။

ယနေ့ခေတ်တွင် အချိန်သည် လူတိုင်းအတွက် တန်ဖိုးရှိသည်။ ဖုန်းပေါ်တွင် အချိန်များစွာ ကုန်ဆုံးသွားနိုင်သကဲ့သို့ ထိုအချိန်ကို မိမိ၏အသိပညာ တိုးတက်ရေးအတွက်လည်း အသုံးချနိုင်သည်။ စာအုပ်တစ်အုပ်သည် မိမိ၏ပြဿနာအားလုံးကို ချက်ချင်းဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။ သို့သော် ပြဿနာကို မည်သို့စဉ်းစားရမည်၊ မည်သို့ရှာဖွေလေ့လာရမည်၊ မည်သို့ဆုံးဖြတ်ရမည်ဆိုသည့် အတွေးအခေါ်ကိုပေးနိုင်သည်။ ထို့ကြောင့် ယနေ့ စာတစ်မျက်နှာဖတ်ပါ။ မနက်ဖြန် အတွေးတစ်ခု တိုးပါ။ တစ်နှစ်ကြာလျှင် အသိပညာတစ်ခုတိုးပါ။ နှစ်များကြာလာလျှင် မိမိဘဝနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိသော လူငယ်တစ်ဦးဖြစ်လာမည်ဖြစ်သည်။ စာဖတ်ခြင်းသည် အချိန်ကုန်ခြင်းမဟုတ်၊ မိမိအနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့် လူငယ်များကို စာဖတ်ကြစေလိုသည်။ စာအုပ်များကို များများဖတ်၊ အတွေးအခေါ်များကို ဖွင့်ကြည့်ပြီး အသိပညာဖြင့် မိမိတို့၏အနာဂတ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

**အသိကို လက်တွေ့ဘဝမှာ အသုံးချဖို့လို**

စာဖတ်ခြင်း၏တန်ဖိုးသည် စာအုပ်ထဲမှာ အသိပညာတွေသိမ်းထားနိုင်ရုံနှင့်မပြီးဘဲ ဖတ်ပြီးသိလာသည့်အရာကို ကိုယ့်ဘဝ၊ ကိုယ့်အလုပ်နှင့် ကိုယ်ပတ်ဝန်းကျင်မှာ ပြန်လည်အသုံးချနိုင်မှသာ စာဖတ်ခြင်း၏ အကျိုးကို ပိုမိုရရှိစေနိုင်သည်။ ဥပမာ- ဗဟုသုတစာအုပ်ဖတ်ပါက အကြောင်းအရာတစ်ခုကို ပိုမိုနားလည်ပြီး ဆုံးဖြတ်ချက်ချရာမှာ အသုံးချနိုင်သည်။ အတ္ထုပ္ပတ္တိစာအုပ်ဖတ်ပါက အောင်မြင်သူများ၏ အတွေ့အကြုံမှ သင်ခန်းစာယူပြီး ကိုယ်ဘဝမှာအသုံးချနိုင်သည်။ စီမံခန့်ခွဲမှုစာအုပ်ဖတ်ပါက အလုပ်ခွင်၌ လူအများနှင့်ဆက်ဆံရေး၊ အချိန်စီမံခန့်ခွဲမှုများတွင် အသုံးချနိုင်သည်။ စာပေ၊ ဝတ္ထုတွေဖတ်ပါက လူ၏စိတ်ခံစားချက်နှင့် အမြင်မတူမှုများကို နားလည်ပြီး လူမှုဆက်ဆံရေးတွင် အသုံးချနိုင်သည်။ အမှား၊ အောင်မြင်မှုများကို ဖော်ပြထားသည့် စာအုပ်များဖတ်ပါက ထိုသူများ၏ အတွေ့အကြုံများကို သင်ခန်းစာယူပြီး ကိုယ်တိုင်အမှားမလုပ်နိုင်အောင် ရှောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စာဖတ်ခြင်း၏အဆုံးသတ်သည် သိခြင်းမဟုတ်ဘဲ သိလာခြင်းကို လက်တွေ့အသုံးချနိုင်ခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်လူငယ်များ စာမဖတ်ဖြစ်သည့် အဓိကအကြောင်းရင်းသည် စာဖတ်ခြင်းကို မကြိုက်၍ တစ်ခုတည်းကြောင့်မဟုတ်ဘဲ နေ့စဉ်ဘဝထဲမှာ ဖုန်းနှင့်ဆိုရှယ်မီဒီယာကို အချိန်များစွာ အသုံးပြုလာခြင်းကြောင့်ဖြစ်သည်။ အားရင်စာဖတ်မည်ဟုတွေးပြီး အားသည့်အချိန်လည်းရောက်ရော အခြားအရာများနှင့် အချိန်ကုန်သွားတတ်ကြသည်။ ကိုယ်နှင့်သင့်တော်သည့်စာအုပ်ကို မရွေးချယ်တတ်ဘဲ စာဖတ်ရတာကို ဝန်ထုပ်ဝန်ပိုးဟု မြင်လာကြသည်။ သိလိုသည့်အရာအားလုံးကို ဖုန်းကနေရှာဖွေနိုင်သည်ဟု သိထားကြသည့်အခါ စာဖတ်ရန်မလိုအပ်ဘူးလို့ထင်လာကြသည်။

အချက်အလက်ရရှိခြင်းနှင့် အသိပညာတည်ဆောက်ခြင်းသည် မတူညီသည့်အတွက် စာဖတ်ခြင်းသည် မိမိ၏အတွေးအခေါ်များကို တည်ဆောက်ရန်အတွက် အထောက်အကူပြုမည်ဖြစ်သည်။ စာဖတ်ခြင်းသည် များစွာအကျိုးကျေးဇူးရှိသည်။ စာဖတ်သူနှင့် စာမဖတ်သူမှာ မိုးနှင့် မြေပမာ ကွာခြားသွားနိုင်သည်။ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝကို ပိုမိုတိုးတက်စေပြီး ရည်မှန်းချက်များကို အောင်မြင်နိုင်သည်။ မြန်မာ့သမိုင်းတွင် ဘိုးရာဇာဟုအမည်တွင်ခဲ့သော ဝန်မင်းအမတ်ကြီးသည်လည်းကောင်း၊ မီးလင်းဖိုဘေးတွင် စာဖတ်ခဲ့ရသော အမေရိကန် သမ္မတကြီး လင်ကွန်းသည်လည်းကောင်း စာဖတ်ခြင်းကြောင့် ထင်ရှားဖြစ်ပေါ်ခဲ့သူများဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် စာတတ်လျှင် စာဖတ်ရမည်မှာ လူသားတိုင်း၏တာဝန်ဖြစ်ပေသည်။ စာဖတ်ခြင်းသည် မိမိကိုယ်ကို တိုးတက်စေရန် စီမံဖန်တီးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ပညာခေတ်၏ စိန်ခေါ်မှုများတွင် ပါဝင်ယှဉ်ပြိုင်နိုင်စေရန်၊ အသိပညာစိတ်ကူးသစ်များ၊ အကြံအစည်အတွေးအခေါ်အသစ်များ၊ တီထွင်ဖန်တီးမှုအသစ်များနှင့် တက်ကျွမ်းမှုအတတ်ပညာများကို သိရှိလေ့လာနိုင်စေရန် စာဖတ်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရှောက်မျိုးနွယ်ဝင်အသီးများနှင့် ကျန်းမာရေး

ပေါက်ပေါက်

ရှောက်မျိုးနွယ်ဝင်အသီးများသည် များသောအားဖြင့် ဗီတာမင်စီကြွယ်ဝသည့် အသီးများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်တွေ့ရလေ့ရှိသော ရှောက်မျိုးနွယ်ဝင်အသီးများမှာ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ရှောက်ချိုသီး၊ ရှောက်ဘီလူးသီး၊ သံပရိုသီး၊ ဂရိတ်ဖရုသီး၊ ကျွဲကောသီးတို့ဖြစ်ကြသည်။

အဆိုပါအသီးများသည် အခွံတွင် အနံ့မွှေးသော အဆီဂလင်းများ ပါဝင်ကြပြီး အရည်ရွှမ်းကာ ကျန်းမာရေးအတွက် ဆေးဖက်ဝင်သည့်အပြင် ဟင်းလျာများနှင့် ဖျော်ရည်များတွင် အဓိကအသုံးပြုလေ့ရှိကြသည်။

ရှောက်မျိုးနွယ်ဝင်အသီးများသည် ဗီတာမင်နှင့် သတ္တုဓာတ်များစွာကြွယ်ဝသဖြင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးပြုသည်။ ၎င်းအသီးများ၏ အဓိကကျန်းမာရေးအကျိုးကျေးဇူးများကို ဖော်ပြပေးလိုက်ပါသည်။

**ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း**

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်စီ အမြောက်အမြားပါဝင်သည်။ အဆိုပါ ဗီတာမင်စီသည် သွေးဖြူဥဆဲလ်များ ထုတ်လုပ်မှုကို လှုံ့ဆော်ပေးပြီး တုပ်ကွေး၊ အအေးမိခြင်းနှင့် ကူးစက်ရောဂါများကို ကာကွယ်တိုက်ဖျက်ပေးသည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

ရှောက်မျိုးနွယ်ဝင်အသီးများတွင် သဘာဝအလျောက်ပါရှိသည့် ပျော်ဝင်လွယ်သော အမျှင်ဓာတ်နှင့် ပက်တင်ဓာတ်တို့သည် ခန္ဓာကိုယ်အတွင်းရှိ မကောင်းသောကိုလက်စထရောပမာဏကို ကျဆင်းစေသည်။ ထို့ပြင် ရှောက်မျိုးနွယ်ဝင်အသီးများတွင် ဖလေဗိုနွိုက်လည်းပါရှိပြီး ၎င်းဓာတ်တိုးဆန့်ကျင်ပစ္စည်းသည် သွေးဖိအားကို ထိန်းညှိပေးကာ နှလုံးရောဂါနှင့် လေဖြတ်နိုင်ခြေကို လျော့ကျစေသည်။

**ကျောက်ကပ်ကျောက်တည်ခြင်းမှ ကာကွယ်ပေးခြင်း**

ရှောက်မျိုးနွယ်ဝင်အသီးများတွင် ပါဝင်သော စစ်ထရိတ်ဓာတ်သည် ဆီးထဲတွင် ကျောက်တည်စေမည့် ဓာတ်သတ္တုများကို ပျော်ဝင်စေပြီး ကျောက်ကပ်ကျောက်တည်ခြင်းမှ ကာကွယ်ပေးသည်။

**အရေပြားကို ကျန်းမာစိုပြည်စေခြင်း**

ဗီတာမင်စီသည် အရေပြား တင်းရင်းလှပစေရန်အတွက် လိုအပ်သော ကော်လာဂျင် (Collagen) ထုတ်လုပ်မှုကို ကူညီပေးသည်။ ဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးသဖြင့် အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေပြီး အရေးအကြောင်းများ လျော့နည်းသွားကာ အမည်းစက်များကိုလည်း လျော့ပါးသက်သာစေသည်။

**ကိုယ်အလေးချိန် ထိန်းညှိပေးခြင်း**

ကယ်လိုရီပါဝင်မှု အလွန်နည်းပါးပြီး ရေဓာတ်နှင့် အမျှင်ဓာတ်အပြည့်အဝပါဝင်သောကြောင့် ဗိုက်ပြည့်လွယ်စေကာ ဝိတ်ချလိုသူများအတွက် အထူးသင့်လျော်သည်။

**သံဓာတ်စုပ်ယူမှုကို အားကောင်းစေခြင်း**

ရှောက်မျိုးနွယ်ဝင်အသီးများသည် သွေးအားနည်းရောဂါကို ကာကွယ်ပေးသည်။ အကြောင်းရင်းမှာ အပင်များမှရရှိသော သံဓာတ်ကို ခန္ဓာကိုယ်က ပိုမိုစုပ်ယူနိုင်ရန် ဗီတာမင်စီက ကူညီပေးသဖြင့် သွေးအားနည်းရောဂါဖြစ်ပွားမှုကို သက်သာစေသည်။

**ရှောက်သီး၏ အာသာချက်**

ရှောက်သီးထဲရှိ Citric Acid သည် ဆီးကျောက်တည်ခြင်းကို တားဆီးပေးနိုင်သည်။ အသည်းမှ အဆိပ်အတောက်များကို ခြေဖျက်ပေးသည့် Glutathione ဒြပ်ပေါင်းထွက်ရှိမှုကို ကူညီပေးပြီး ခန္ဓာကိုယ်တွင်း အညစ်အကြေးများကို သန့်စင်စေသည်။ သွေးလည်ပတ်မှု ကောင်းမွန်စေကာ နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျော့ကျစေသည်။ အစာအိမ်နှင့် အူလမ်းကြောင်းလှုပ်ရှားမှုကို အားပေးပြီး အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းနှင့် လေပွခြင်းများကို သက်သာစေသည်။ ပိုတက်စီယမ်နှင့် ဖလေဗိုနွိုက် (Flavonoids) ဓာတ်များ ပါဝင်သဖြင့် သွေးတိုးကျစေရန် ကူညီပေးသည်။ ကော်လာဂျင် (Collagen) ဓာတ်ထုတ်လုပ်မှုကို အားပေးသောကြောင့် အသားအရေစိုပြည်လှပစေပြီး အိုမင်းရင့်ရော်မှုကို နှေးကွေးစေသည်။ ရှောက်ရည်ကို ဦးရေပြားတွင် အသုံးပြုပါက ဗောက်ထခြင်းကို သက်သာစေနိုင်သည်။



**သံပရာသီး၏ အာသာချက်**

နံနက်စာစားပြီးနောက် အခွံအစိမ်းရောင် လတ်လတ်ဆတ်ဆတ် သံပရာသီးတစ်လုံးကို လေးစိတ်စိတ်၍ ရေနွေးဖြူစိမ်သောက်ပြီး သံပရာသီးနွမ်းပျော့သွားသည်ထိ ရေနွေးဖြူအသစ် ထပ်လောင်းထည့်ကာ ရေဆာသည့်အခါတိုင်း သောက်သင့်သည်။ သံပရာသီးရေနွေးစိမ်သောက်ပေးခြင်းဖြင့် ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာ အီလက်ထရိုလိုက် အစွမ်းပါရှိနေသဖြင့် ခန္ဓာကိုယ်အတွက် ရေဓာတ်အဖြစ် ပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။ ကြွက်သားနှင့် အရိုး၊ အဆစ်အမျက်များ နာကျင်မှုကို သက်သာစေပြီး အင်ဇိုင်းပမာဏကို တိုးပွားစေသည်။ သွေးတိုးရောဂါသည်များကို ကောင်းကျိုးပြုပြီး ကင်ဆာရောဂါများကို ကာကွယ်ပေးကာ ကိုယ်အလေးချိန် ထိန်းညှိပေးသည်။ ကယ်လ်စီယမ်အနည်များကို ပျော်ဝင်စေသဖြင့် ကျောက်ကပ်ကျောက်တည်ခြင်း၊ သည်းခြေကျောက်တည်ခြင်း၊ ပန်ကရိယကျောက်တည်ခြင်းစသည်တို့ကိုကာကွယ်ပေးသည်။ ရင်ပူခြင်းကို သက်သာစေပြီး အရိုး၊ အဆစ်အမျက်တို့ကို ဆိုးကျိုးပေးသော ယူရစ်အက်စစ်ပမာဏ ကျဆင်းစေသည်။ ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို ကောင်းကျိုးပြုသည်။ အရေပြားပေါ်ရှိ အမာရွတ်များ၊ အမည်းကွက်များကို ပြေလျော့သက်သာစေသည်။ အရိုးနုများ၊ အရိုးနှင့် တစ်ရှူးများကို ကျန်းမာစေသည်။

**လိမ္မော်သီး၏ အာသာချက်**

လိမ္မော်သီးတွင် Liminoid ဓာတ်ပေါင်းစုပါရှိသည့်အပြင် အခွံအောက်တွင်ကပ်နေသော ဖော့သားအဖြူရောင်၌ Bioflavonoid နှင့် Pectin ဓာတ်တို့ပါရှိသည်။ ထိုဓာတ်များက သက်စောင့်ဆေးအဖြစ် ကင်ဆာရောဂါတို့ကို တိုက်ဖျက်ပေးနိုင်သော အစွမ်းသတ္တိရှိ၍ အစာမျိုပြွန်၊ ခံတွင်း၊ အရေပြား၊ အဆုပ်၊ ရင်သား၊ အစာအိမ်နှင့် အူမကြီးကင်ဆာတို့ကို တိုက်ထုတ်ပေးသည်။ ထို့မျှမက လိမ္မော်သီးအသားတွင်ကပ်နေသော အဖြူရောင်အမျှင်များထဲတွင် Alkaloid Synephrine ပါရှိနေရာ၊ ၎င်းက အသည်းမှ ကိုလက်စထရောထုတ်လုပ်မှုကို လျှော့ချပေးသည့်အပြင် သွေးနှင့်အရေပြားအောက်မှ မလိုလားအပ်သောအဆီများကို စုပ်ထုတ်ပေးနိုင်စွမ်းရှိသည်။ လိမ္မော်သီး တစ်နေ့တစ်လုံး သို့မဟုတ် လိမ္မော်ရည် တစ်နေ့တစ်ခွက်သောက်သုံးလျှင် ငှက်ပျောသီးစားသကဲ့သို့ပင် အူရောဂါ၊ အစာအိမ်ရောဂါနှင့် အစာအိမ်ကင်ဆာဖြစ်ရန် အခွင့်အလမ်းနည်းစေသည့်အပြင် ခံတွင်းကောင်း၍ အစာကြေ၊ ဝမ်းမှန်စေသည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက လိမ္မော်သီးကို ဆေးအဖြစ် စားသုံးနိုင်သည်။ ဝမ်းလျှောဝမ်းပျက်သူများ လိမ္မော်ခွံအမှုန့်နှင့် စပျစ်စေ့အမှုန့်ကို ဆတူရော၍ တစ်နေ့သုံးကြိမ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်သောက်လျှင် သက်သာပျောက်ကင်းနိုင်သည်။ လေထိုးလေအောင့်သူများ လိမ္မော်ပင်အခေါက် အနည်းငယ်ကို သုံးခွက်တစ်ခွက်တင် ကျို၍ တစ်နေ့နှစ်ကြိမ်သောက်ခြင်းဖြင့် သက်သာပျောက်ကင်းပြီး ဝမ်းအတွင်းရှိ တုတ်ကောင်၊ သန်ကောင်များကို ကျစေနိုင်သည်။

**ရှောက်ဘီလူးသီး၏ အာသာချက်**

ရှောက်ဘီလူးသီးက သံပရာသီး အရွယ်အစားခန့်သာရှိပြီး အခွံက သံပရာသီးလို လုံးချောလေးမဟုတ်ဘဲ အဖုအထစ်များဖြင့် ကြည့်ရဆိုးသော်လည်း လွန်စွာဆေးဖက်ဝင်သည်။ ရှောက်ဘီလူးသီးတွင် ပါရှိသည့် ဒြပ်ပေါင်းများက နာကျင်ရောင်ရမ်းမှုကို လျော့ကျစေပြီး အစာခြေစနစ်ကို ကျန်းမာစေသည်။ ဝမ်းချုပ်ခြင်း၊ အစာမကြေခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အူမကြီးကင်ဆာ၊ လိပ်ခေါင်းရောဂါရှိသူများနှင့် အထူးသင့်တော်သည်။ စိတ်ဖိစီးမှုနှင့် အာရုံကြောပြဿနာအမျိုးမျိုးအတွက်လည်း ရှောက်ဘီလူးသီးက အစွမ်းထက်သည်။ စိတ်ဖိစီးမှုများသည့်အခါ ရှောက်ဘီလူးသီးကို ရှူပေးပြီး စိတ်ပူပန်မှု သက်သာစေရန်အတွက်လည်း ရှောက်ဘီလူးသီးကို ရှူပေးနိုင်သည်။

**သံပရိုသီး၏ အာသာချက်**

ချဉ်ဖြုံးဖြုံးအရသာရှိသော သံပရိုသီးက ဗီတာမင်စီကြွယ်ဝသဖြင့် နှလုံးကိုကျန်းမာစေပြီး နှလုံးရောဂါနှင့် လေဖြတ်ခြင်းမဖြစ်အောင် ကာကွယ်ပေးသည်။ သံပရိုသီးကို ပုံမှန်စားသုံးလျှင် သွေးတွင်းကိုလက်စထရော ကျဆင်းစေသည်။ အကြောင်းရင်းမှာ သံပရိုသီးတွင် သဘာဝအလျောက်ပါရှိနေသည့် အပင်မှရသော ဒြပ်ပေါင်းများဖြစ်ကြသည့် Hesperidin နှင့် Diosmin တို့က သွေးတွင်းကိုလက်စထရော ကျဆင်းစေနိုင်သည်။ သံဓာတ်အားနည်းလျှင် သွေးအားနည်းရောဂါအဖြစ်များသည်။ အစားအသောက်ထဲတွင် သံဓာတ်လုံလောက်စွာမပါဝင်မှုက သွေးအားနည်းရောဂါဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းခံဖြစ်သည်။ သို့သော် သံပရိုသီးက သံဓာတ်ပါဝင်နေသကဲ့သို့ အစားအစာတွင်ပါလာသည့်သံဓာတ်ကို အူနံရံများက စုပ်ယူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သဖြင့် သွေးအားနည်းရောဂါမဖြစ်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။

**ဂရိတ်ဖရုသီး၏ အာသာချက်**

ဂရိတ်ဖရုသီးစားသည့်အခါ အသားနှင့်ကပ်နေသော အပေါ်ယံအခွံဖြူလွှာကို လွှင့်မပစ်သင့်ပေ။ ၎င်းအပေါ်ယံအခွံဖြူလွှာများက အရသာခါးသက်သက်ဖြစ်နေသော်လည်း စားပေးသင့်သည်။ သွေးတိုးရောဂါကျစေခြင်း၊ ကိုလက်စထရောကျစေခြင်းနှင့် အူမကြီးကင်ဆာတို့အတွက် ဆေးဖက်ဝင်သည်။ ဂရိတ်ဖရုသီးအမှည့်ကို သန်တုတ်ရောဂါ၊ သည်းခြေရောဂါ၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်း၊ အရေပြားရောဂါ(အနာကြီး)၊ ပန်းနာ၊ ချောင်းဆိုး၊ ကြို့ထိုး၊ ဝက်ရူးရောဂါနှင့် အတက်ရောဂါတို့ကုသရာတွင် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြောင်း အာယုဗေဒဆေးပညာတွင် ဖော်ပြထားသည်။ အရွက်ကို ဝက်ရူးရောဂါ၊ အတက်ရောဂါနှင့် ချောင်းဆိုးရောဂါတွင် အသုံးပြုလေ့ရှိကြပြီး ဂရိတ်ဖရုသီးအစေ့ကို ခါးနာရောဂါအတွက် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည်။

**ကျွဲကောသီး၏ အာသာချက်**

ကျွဲကောသီးသည် အချဉ်သီးမျိုးနွယ်ထဲတွင် အကြီးဆုံးအသီးဖြစ်သဖြင့် ဗီတာမင်စီကြွယ်ဝစွာပါရှိခြင်းကြောင့် လူ့အရေပြားထဲက ကော်လာဂျင်ခေါ် အမျှင်ဓာတ်ကို ကျန်းမာတင်းရင်းစေသည့်အတွက် အသားအရေကို နုပျိုလှပစေကာ အရွယ်တင်နုပျိုစေသည်။ အထူးသဖြင့် ကျွဲကောသီးအခွံထဲတွင် အသားအရေကို ဖြူစင်ဝင်းမွတ်စေသည့် ဆေးဖက်ဝင် အစွမ်းထက်မြက်သော အဆီတစ်မျိုးပါရှိသည်။ ထိုအဆီကိုအခြေခံ၍ မျက်နှာလိမ်းခရင်မ်၊ ကိုယ်လိမ်းခရင်မ်နှင့် ချိုင်းလိမ်းဆီတို့ ထုတ်လုပ်ကြသည်။ ကျွဲကောသီးအသားကို ဖုံးအုပ်ထားသော အဖြူရောင်အခွံပါးလွှာထဲတွင် Bioflavonoid ဓာတ်ပါရှိနေရာ၊ ထိုဓာတ်က ခန္ဓာကိုယ်ထဲရှိကင်ဆာဆဲလ်များပျံ့နှံ့မှုကို လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ပြင် ခန္ဓာကိုယ်အတွက် ပိုလျှံသော Estrogen များကို ရှင်းလင်းပေးသည့်အတွက် ရင်သားကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ထိထိရောက်ရောက်ကာကွယ်ပေးသည်။ အစာအိမ်နှင့် မုန့်ချိုအိတ်ကင်ဆာတို့ကိုလဲ သက်သာပျောက်ကင်းစေပြီး အူမကြီးကင်ဆာကို မဖြစ်စေနိုင်ပေ။

**သတိပြုရန်**

အက်စစ်ဓာတ် ပြင်းထန်သဖြင့် ရှောက်သီး၊ သံပရာသီးများကို အလွန်အကျွံစားသုံးပါက သွားကြွေလွှာကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အသီးရည်သောက်ပြီးနောက် ခံတွင်းကိုရေဖြင့် စင်ကြယ်စွာဆေးကြောသင့်သည်။

ဂရိတ်ဖရုသီးသည် သွေးတိုးကျဆေး သို့မဟုတ် ကိုလက်စထရောကျဆေးတချို့နှင့် ဓာတ်ပြုပြီး ဘေးထွက်ဆိုးကျိုးရှိနိုင်သဖြင့် အချို့သောဆေးဝါးများသောက်သုံးနေရပါက ဆရာဝန်နှင့် တိုင်ပင်သင့်ပါကြောင်း ရေးသားအပ်ပါသည်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၅၉၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီးစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၅၉၄ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၅၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီအိမ်မဲမြို့နယ်မှာ ပဲတီစိမ်း ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်း အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး တော့ဆောင်ရွက်ပေးပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများအနေဖြင့် ပဲတီစိမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၂၇၀ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်း အသင်းသားအသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြောပြ၍ သိရသည်။

**နွံ့ယဉ်**










## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ခ)၊ အကွက်အမည် ပုလဲတန်းကွင်း၊ ဦးပိုင်အမှတ် (၅၂/စ)၊ ဧရိယာ (၀.၀၅၂)ဧကရှိသည့်အနက်မှ ဧရိယာ (၀.၀၂၁)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၅၂/စ ကျန်မြေ
( ခ ) အနောက်လားသော် - လမ်း
( ဂ ) တောင်လားသော် - ဦးပိုင်အမှတ်-၅၂/ဃ
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးမိုးဆင့် + ဒေါ်သွယ်သွယ်စိုး** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အများသိစေရန် ကြေညာခြင်း

မူဆယ်မြို့၊ ဟိုနားရွာ၊ ကောင်းမူလက်ရပ်ကွက်နေ ဒေါ်ကြည်ကြည်မာ (၁၃/နမတ(နိုင်)၀၃၂၃၃၃)မှ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာအုပ်စု၊ ကျေးရွာအမှတ်(၁)၊ တိုးချဲ့ရပ်ကွက်(၃)နေထိုင်သူ မှတ်စဉ် ၁၀။ ဦးအောင်ကြိုင်ပိုင်ဆိုင်သော အိမ်ယာမြေကွက်အမှတ် ၃/၇/၁၅ မြေ ပေ (၈၀ x ၁၀၀)ကို ကျွန်မ ဒေါ်ကြည်ကြည်မာမှ ဝယ်ယူထားပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်မာ
၁၃/နမတ(နိုင်)၀၃၂၃၃၃
**09-421656835၊ 09-667595105**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၇ လမ်း၊ ၈၇/ ၈၈ လမ်းကြားနေ ဦးဇာနည်ကျော်မြင့် (ဘ) ဦးကျော်မြင့်(၅/ရဥန(နိုင်) ၀၇၆၉၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2300036**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မယ်ဇလီကုန်းအုပ်စု၊ တပ်ပိုးကျေးရွာနေ ဦးပုသန်း (ဘ) ဦးအိုက်ခက်(၁၃/ကတန(နိုင်)၁၄၁၅၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-262532318၊09-675879182**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတော်သို့ လူဦးရေနှစ်သိန်းကျော် လာရောက်

ညောင်ဦး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းကို ယနေ့ညနေ ၆ နာရီက ရွှေစည်းခုံဘုရားကြီးကွင်းပြင်ကျယ်နှင့် အလိုတော်ပြည့်ဘုရားကွင်း(၁)၊ ကွင်း(၂) တို့တွင် ကျင်းပရာ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူဦးရေ နှစ်သိန်းကျော်လာရောက်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းကို အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ သုံးရက်တိတိ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကျင်းပသွားမည်ဖြစ်ရာ စာမျက်နှာ ၂၃ ကော်လံ ၁ ❖

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ စာမျက်နှာ ၂၂ ကော်လံ ၃ ✱



## Teqball Tour Si Racha 2026 တွင် မြန်မာ့ Teqball လက်ရွေးစင်အားကစားသမား ခင်နှင်းဝေ(အာနိုး) Mixed Doubles ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ထိုင်းနိုင်ငံ ချွန်ဘူရီခရိုင် စီရာချာမြို့ရှိ Pacific Hall, Pacific Park Si Racha တွင် ကျင်းပသည့် Teqball Tour Si Racha 2026 ပြိုင်ပွဲ၌ မြန်မာ့တက်ဂ်ဘောလက်ရွေးစင်အသင်းသည် Men's Singles၊ Women's Singles၊Mixed Doubles ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာအသင်းအပါအဝင် တက်ဂ်ဘောအားကစားနည်းကို စတင်တီထွင်ခဲ့သည့် ဟန်ဂေရီနိုင်ငံ၊ ကမ္ဘာ့တက်ဂ်ဘောအားကစားတွင် ထိပ်သီးနိုင်ငံများဖြစ်သည့် ရိုမေးနီးယား၊ ပိုလန်နိုင်ငံ၊ ဘရာဇီးနိုင်ငံတို့အပြင် အာရှဒေသ၏ ကမ္ဘာ့ထိပ်သီး ထိုင်း၊ အီရတ်၊ ကူဝိတ်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့အပါအဝင် စာမျက်နှာ ၂၂ ကော်လံ ၄ ◆

## BMW Ladies Championship အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုချီဒါ ချန်ပီယံဆုဆွတ်ခူး

ဆိုးလ် အောက်တိုဘာ ၂၅

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သည့် BMW Ladies Championship အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ရိုချီဒါ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု LGPA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲနောက်ဆုံးအကျော့မတိုင်မီ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် စာမျက်နှာ ၂၂ ကော်လံ ၁ ■

